# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ရှိ ခန်းမမျက်နှာကြက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ရန်အောင်မြင်ဆည်နှင့် ရွှေကြာပင်ရပ်ကွက် မြို့နယ်အားကစားကွင်းရှိ ရွှေ့လျားယာယီဆေးရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၊ ရန်အောင်မြင်ဆည်တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် ယာယီဆေးရုံရှိလူနာများအား ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ် စ ရာ


**သထုံ - မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ကုန်ရထားများနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား လမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ ပြန်လည်ပြေးဆွဲမည်** ပြည်တွင်းသတင်း စာ ၁၂

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ** ပြည်တွင်းသတင်း စာ ၁၇

**မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် INDIA AIR FORCE မှ ထောက်ပံ့ပစ္စည်းများ ရောက်ရှိ** ပြည်တွင်းသတင်း စာ ၁၈

# အချိန်နီးကပ်လာပြီဖြစ်သည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်

နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားလိုသူများ ၂၀၂၅ ခုနှစ် မေလ ၉ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားကြရန် ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်၍ အသိပေးကြေညာထားပြီဖြစ်သည်။ ယခုနှစ် ဒီဇင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်ရော နိုင်ငံရေးပါတီများအနေဖြင့်ပါ အချိန်လုံလောက်စွာရရှိရန်လိုသည်။ လက်ရှိကာလမှ ရေတွက်လျှင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်ကာလအားဖြင့် အကြမ်းဖျင်းရှစ်လခန့်သာကျန်ရှိပြီး ယင်းကာလအတွင်း ဆောင်ရွက်ဖွယ်ရှိသမျှတို့ ဆောင်ရွက်ကြရမှာဖြစ်သည်။

မတ် ၂၅ ရက်ကကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် "နိုင်ငံရေးပါတီများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းသတ်မှတ်ချက်များ ကျော်လွန်သွားသဖြင့် ပယ်ဖျက်ခဲ့ရသည့် ပါတီများကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အာဏာကိုဥပဒေအရခေတ္တထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်ကို ဥပဒေကိုနားလည်သူများက လက်ခံကြပြီး နားမလည်သူများ၊ အာဃာတတရားထားသူများက ငြင်းပယ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ကြမည့်သူများအနေဖြင့် သိရမည်မှာ လွှတ်တော်ဟူသည် ဥပဒေပြုရေးကို ဦးစားပေးခြင်းပင်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာအနေဖြင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ဥပဒေပြဋ္ဌာန်း၍ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မည့်သူများအနေဖြင့် ဥပဒေကိုသိရှိရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းအချက်ကို အလေးထား စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၅၆ ပါတီရှိပြီး တည်ဆဲနိုင်ငံရေးပါတီပေါင်း ၅၄ ပါတီရှိနေသည်။ ရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် ကျင်းပရန်လျာထားပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်၍ တရားမျှတပြီး မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးရာတွင် Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ ရွေးကောက်ပွဲများ၌ မဲလက်မှတ်များကို အသုံးပြုရာတွင် ရွေးကောက်ပွဲဥပဒေနှင့် မညီညွတ်သော ကြိုတင်မဲပေးမှုများ၊ မဲလက်မှတ်ရိုက်နှိပ်မှုများ၊ ဥပဒေနှင့်မညီညွတ်သော အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြင်ဆင်မှုများ ပြုလုပ်ခြင်းကြောင့် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုတို့ဖြစ်ပေါ်ရသည်။ Electronic Voting Machine စနစ်မှာမူ ငွေကြေးကုန်ကျမှုများသော်လည်း မဲမသမာမှုပြုလုပ်ရန် မလွယ်ကူသည့်စနစ်ဖြစ်သည့်အပြင် အချိန်တိုအတွင်း ဆန္ဒမဲပေးနိုင်ပြီး မဲရလဒ်ရရှိမည်ဖြစ်ရာ တစ်ရက်နှစ်ရက်အတွင်း မဲစာရင်းအတည်ပြုနိုင်မည်ဖြစ်သည်။ တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်၍ရသည့် မြို့နယ်များတွင် ရွေးကောက်ပွဲပြီးမြောက်နိုင်မည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပခြင်းသည် ပြည်သူလူထုက မိမိတို့ကိုယ်စား လွှတ်တော်တွင် အချုပ်အခြာအာဏာကိုကျင့်သုံးပြီး နိုင်ငံနှင့်နိုင်ငံသားတို့၏ကောင်းကျိုးကို ဖော်ဆောင်ပေးမည့်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်ကြီးနှင့်တကွ နိုင်ငံသားပြည်သူများ ငြိမ်းချမ်းသာယာဝပြောရေးအတွက် နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည်သူတို့ကိုယ်စား တာဝန်ယူ၊ တာဝန်ခံ ကျင့်သုံးနိုင်ရန် နိုင်ငံရေးပါတီတိုင်းက ကြိုတင်ပြင်ဆင်ကြရပါမည့်အကြောင်း။ ။

## မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ခူးလဆုတ် (၁) ရက်နေ့မှ (၄) ရက်နေ့အထိ (၂၀၂၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးအချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ ရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အန္တရာယ်ကင်း ရတနသုတ်ရွတ်ဖတ်ပူဇော်

**တောင်ငူ ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ဂန္ဓဝင်ကိုးခန်း သိမ်တော်ကြီး၌ တောင်ငူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ ယောဂီများက ကြီးမှူး၍ အန္တရာယ်ကင်း ရတနသုတ် (ပါဠိ) ရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့ညပိုင်းက ကျင်းပခဲ့သည်။ **(ယာပုံ)**

ထိုသို့ရွတ်ဖတ်ပူဇော်ရာတွင် တောင်ငူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ယောဂီများက ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးပူဇော်၍ အန္တရာယ်ကင်းရတနသုတ် (ပါဠိ) ကို ကိုးကြိမ်ရွတ်ဖတ်ပူဇော်သည်။ အဆိုပါရွတ်ဖတ်ပူဇော်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်



စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သထုံမြို့နယ်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပ

**သထုံ ဧပြီ ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက



သထုံမြို့ရှိ ဝါးပါးရေလှောင်တမံ၌ ကျင်းပသည်။

စုပေါင်းငါးလွှတ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာသူအပေါင်းတို့က မေတ္တာသုတ်အား စုပေါင်းရွတ်ဆို၍ မေတ္တာပို့ကြပြီး ရေလှောင်တမံအတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးခူ၊ ငါးပြေမ၊ ငါးမြစ်ချင်း စသည့် ငါးသားပေါက်များအား ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့သည်။ **(ဝဲပုံ)**

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်းတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - စိုးစိုးနိုင် | | **သတင်းထောက်မှူး** - ခင်ရတနာ | |
| **စာတည်းမှူး** - မြင့်စိုး | | **အကြီးတန်း** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| **စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | **သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | **အငယ်တန်း** - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **သတင်းထောက်များ** | |
| **စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့ | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်အား ကြည့်ရှုစစ်ဆေးစဉ်။

❑ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ငလျင်ဒဏ်ကြောင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ပင်မအဆောက်အအုံအဝင် မျက်နှာကြက်ထိခိုက်ပျက်စီးမှုများ၊ ကျောက်စိမ်းခန်းမ၊ ပတ္တမြားခန်းမ၊ မြခန်းမတို့ မျက်နှာကြက်ပျက်စီးမှုများနှင့် အစည်းအဝေးခန်းမများ၊ နံရံများ အနည်းငယ်ကွဲအက်နေမှုနှင့် ပျက်စီးမှုအချို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရန်အောင်မြင်ဆည်၌ တာဝန်ရှိသူတစ်ဦးက ရန်အောင်မြင်ဆည်ဆိုင်ရာ အချက်အလက်များနှင့် ဆည်တမံကြွခိုင်မှုနှင့် ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့မှုတို့အား ရှင်းလင်းတင်ပြစဉ်။

### လိုအပ်သည်များမှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကုန်းချောတမံအက်ကွဲကြောင်းများအား ယာယီပြုပြင်ထားရှိမှု၊ အက်ကွဲကြောင်းများအတွင်း သဲနှင့်မြေသားဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မြေသားစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်အောင်မြင်ဆည်ဆိုင်ရာ အချက်အလက်များနှင့် ဆည်တမံကြွခိုင်မှုနှင့် ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့မှုတို့အား ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုရှိခဲ့သည့် ကုန်းချောတမံအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများအား စိမ်းစိုသည်အထိ ဆောင်ရွက်သွားရန်၊ စိုက်ပျိုးထားသည့် သစ်ပင်များအား ရှင်သန်အောင် ပြုပြင်ထိန်းသိမ်းသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လိုက်လံကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံ Dr. Elliott Tenpenny က ဆေးရုံ၌ လူနာများ ခွဲစိတ်ကုသပေးနေမှုနှင့် ဆေးရုံဖွင့်လှစ်ထားရှိမှုအခြေအနေများအား လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေ့လျားဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး *စာမျက်နှာ ၄ သို့*

**❖ ထိခိုက်မှုရှိခဲ့သည့် ကုန်းချောတမံအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများအား စိမ်းစိုသည်အထိ ဆောင်ရွက်သွားရန်၊ စိုက်ပျိုးထားသည့် သစ်ပင်များအား ရှင်သန်အောင် ပြုပြင်ထိန်းသိမ်းသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြား**

*စာမျက်နှာ ၃ မှ*

လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်မှုအတွက် အမေရိကန်နိုင်ငံအစိုးရနှင့် အမေရိကန်ပြည်သူလူထုအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

### ကျေးဇူးတင်ရှိ

ထို့နောက် အမေရိကန်ဆေးကုသရေးအဖွဲ့မှ တာဝန်ခံက မြန်မာနိုင်ငံသို့ မိမိတို့လာရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်ပေးသည့်အတွက် မိမိတို့အနေဖြင့် လူနာများကုသရာတွင် ပိုမိုအဆင်ပြေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

### ခွဲစိတ်ကုသပေးနိုင်ခဲ့

အဆိုပါ ရွှေ့လျားဆေးရုံမှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ပူးပေါင်း၍ ကွန်တိန်နာဘောက်များဖြင့် ဆောက်လုပ်ထားသည့် အရေးပေါ် ခေတ်မီရွှေ့လျားဆေးရုံဖြစ်ပြီး ပြင်ပလူနာဌာန၊ အရေးပေါ်ကုသမှုဌာန၊ ခွဲစိတ်ခန်း၊ ဆေးစတိုနှင့် ဓာတ်ခွဲခန်းတို့ပါဝင်ကြောင်း၊ လူနာ ၆၀ အား ကုသပေးနိုင်ရန်အတွက် ခုတင် ၆၀ ခန့် ယာယီဆေးရုံဖြစ်ကြောင်း၊ အဆိုပါယာယီဆေးရုံတွင် လူနာမျိုးစုံအား အခမဲ့ကုသပေးခြင်း၊ ခွဲစိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါအဖွဲ့တွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ခွဲစိတ်ဆရာဝန်၊ အရိုးကုဆရာဝန်များအပါအဝင် ပါရဂူနှင့် သူနာပြုများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်ဆေးကုသရေးအဖွဲ့အနေဖြင့် မေ ၄ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး မေ ၇ ရက်မှစတင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူနာ ၂၀ အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ မေ ၁၀ ရက်တွင်လည်း အထူးကြပ်မတ်ဆောင် တစ်ဆောင်နှင့် ခွဲစိတ်ခန်းနှစ်ခန်းကို ထပ်မံဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံ၌ ဆေးကုသနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံ၌ ဆေးရုံတာဝန်ခံ Dr. Elliott Tenpenny နှင့်အဖွဲ့အား ကျေးဇူးတင်စကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံထောက်ပံ့

**နေပြည်တော်  မေ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးဝါးများ၊ တာပေါ်လင်မိုးကာစများ၊ သောက်ရေသန့်များ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



- ❖ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို လေ့လာထားပါ။
- ❖ ဘေးကင်းလုံခြုံသော နေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ သမ္မတနှင့် နိုင်ငံတော်အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများဆက်လက်ပေးပို့

**နေပြည်တော် ဧပြီ ၉**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ဘရာဇီးလ်ဖယ်ဒရယ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူဝစ် အင်နာစီအို လူလာ ဒါ စီးလ်ဗားကလည်းကောင်း၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့်သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရပါကြောင်း၊ သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိတို့အနေဖြင့် အထူးပင်ဝမ်းနည်းမိပါကြောင်း၊ ဤဝမ်းနည်းဖွယ် ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှ တစ်ဆင့် မိမိ၏စိတ်ခွန်အားကို ပေးလိုပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံးပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်အိုးအိမ်များဆုံးရှုံး၍ ပစ္စည်းဥစ္စာများ ပျက်စီးခဲ့မှုအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အားသွန်ခွန်စိုက်ဖြင့် ကြိုးပမ်းအားထုတ် လုပ်ဆောင်နေမှုများနှင့် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အမြန်ဆုံးအောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်

**အဆွေတော်**

အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံ၍ နီပေါနှင့် . မြန်မာနိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် တရားဝင် သံတမန်ဆက်သွယ်မှုကို ထူထောင်ပြီးချိန်မှစတင်၍ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ၏ ခရီးစဉ်များနှင့် အပြန်အလှန် သွားရောက်လည်ပတ်မှုများသည် မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ မိမိအနေဖြင့် နီပေါ သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မိမိတို့အပေါ် နွေးထွေးသည့် ဧည့်ဝတ်ပျူငှာမှုတို့အား ကောင်းမွန်စွာ ပြန်ပြောင်းသတိရမိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ သနားကြင်နာမှုနှင့် ချစ်ခင်ရင်းနှီးမှုတို့၏ ရှေ့ဆောင်လမ်းပြ ဂေါတမဗုဒ္ဓ၏ သင်ကြားပြသမှုတို့ဖြင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများအနေဖြင့် နီးကပ်သည့် လူမှုယဉ်ကျေးမှုဆက်ဆံရေးကို ထိန်းသိမ်းထားရှိလျက်ရှိပြီး မိမိတို့အကြား ပျော်ရွှင်မှုများနှင့် ဝမ်းနည်းဖွယ်များကို မျှဝေရာတွင် အထောက်အကူပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၈-၃-၂၀၂၅ ရက်တွင် ပြင်းအား ၇.၇ မဂ္ဂနီကျူရှိ ပျက်စီးဆုံးရှုံးမှုများပြားသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံး၍ ပစ္စည်းဥစ္စာများ ပျက်စီးမှုများအတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ဘေးအန္တရာယ်ကြောင့် ထိတ်လန့်တုန်လှုပ်ဖွယ်ဓာတ်ပုံများကို သတင်းမီဒီယာများနှင့် လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ကြေကွဲဝမ်းနည်းရပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှတစ်ဆင့် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။ ငလျင်ကြောင့် တန်ဖိုးရှိသည့် အသက်အိုးအိမ်များ ဆုံးရှုံးရသူများအတွက် မိမိက ဝမ်းနည်းရပါကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ဆုံး သက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

နီပေါနိုင်ငံအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် အလားတူ ငလျင်ဘေးနှင့်တွေ့ကြုံခံစားခဲ့ရပါသည်။ အဆိုပါ ဘေးအန္တရာယ်ကြောင့် နီပေါပြည်သူ ၁၀၀၀၀ ဦးကျော် အသက်ဆုံးရှုံးခဲ့ပြီး သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ အစိုးရရုံးဌာနများနှင့် ပြည်သူများ၏ နေအိမ်များအပါအဝင် အဆောက်အအုံ ၅၀၀၀၀၀ ကျော် ပျက်စီးခဲ့ရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ခံစားနေရသည့် နာကျင်မှုကို မိမိတို့အနေဖြင့် များစွာ စာနာထောက်ထားဖြစ်မိပါသည်။

မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်တင်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

ကျေးဇူးတင်ပါသည်။

ဘီဒီယာ ဒေဗီ ဘန်ဒါရီ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

**အဆွေတော်**

**ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ**

ဘရာဇီးလ်ပြည်သူများနှင့် အစိုးရကိုယ်စား မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအား ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် အထူးပင်ဝမ်းနည်းမိပါသည်။ ဤဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏ စိတ်ခွန်အားကို ပေးလိုပါသည်။

ချစ်ကြည်ရင်းနှီးသော မြန်မာနိုင်ငံနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံး ပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါသည်။

**မစ္စတာ လူဝစ် အင်နာစီအို လူလာ ဒါစီးလ်ဗား**
**သမ္မတ**
**ဘရာဇီးလ်ဖယ်ဒရယ်သမ္မတနိုင်ငံ**

---

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Julie Bishop ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Julie Bishop အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် ငလျင်ဘေးသင့်ပြည်သူများကို ကူညီပံ့ပိုးပေးနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။ ထို့နောက် အထူးကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းပါကြောင်းနှင့် စာနာထောက်ထားမိပါကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



---

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၉

**မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည် ၎င်းတို့လုပ်ငန်းတာဝန်များ ပြီးဆုံးသဖြင့် တရုတ်နိုင်ငံမှ Y-20 အမျိုးအစားလေယာဉ် လေးစင်းဖြင့် နေပြည်တော်ရှိ တပ်မတော်လေဆိပ်မှ တရုတ်နိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြသည်။**



အဆိုပါအဖွဲ့များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် China International Search and Rescue Team (CISAR) (Beijing)၊ Chinese Blue Sky Search and Rescue နှင့် Hong Kong China Search and Rescue Team တို့ ပါဝင်ပြီး မြန်မာနိုင်ငံသို့ အစောဆုံးနှင့် ပထမဆုံးရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ဖြစ်သည်။ အဆိုပါအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးမြို့တို့၌ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ လုပ်အားပေးပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တရုတ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လူသားချင်းစာနာထောက်ထားမှုစိတ်ထားဖြင့် နေ့/ညမပြတ် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ လေးဦး၊ သေဆုံးသူ ၆၄ ဦးတို့ကို ရှာဖွေထုတ်ယူပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာ မိသားစုများထံ အပ်နှံပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းများသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေနှင့် ပစ္စည်းများ ထောက်ပံ့လှူဒါန်း



**နေပြည်တော် မေ ၉**

မတ် ၂၈ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် ဘေးသင့်ပြည်သူများဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငွေကျပ် သိန်း ၃၀၀၊ စတီးထမင်းစားဇလုံ ၁၀၀၊ စတီးထမင်းစားပန်းကန်ပြား အချပ် ၁၀၀၊ စတီးဇွန်း အချောင်း ၃၀၀၊ စတီးဟင်းထည့်ပန်းကန်လုံး ၁၀၀၊ ထမင်းချက်ဒန်အိုး၊ ဟင်းချက်ဒယ်အိုးနှင့် ပလတ်စတစ်ဇလားများအား လာရောက်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် DMC ရုံးသို့ ဦးရဲကျော်ထွဋ် (MSI-Microtech Solutions, Switzerland)၊ (Director, Modern Class Co., ltd. Myanmar)က ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်အသင်းက ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ဦးမောင်မောင်သန်း (GOLD TWIN TIGERS TRADING Co.,ltd.) က ငွေကျပ် သိန်း ၁၁၀၀ နှင့် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းနှင့် စက်ပစ္စည်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်**

ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ဝန်ထမ်းအတော်များများသည် ယာယီနေထိုင်ရာနေရာများတွင် ရောက်ရှိနေကြောင်း၊ လိုအပ်ချက်များ များစွာရှိနေပါ၍ ကာလဒါနအဖြစ် လှူဒါန်းခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တောင်းမြစ်ကူးတံတားများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြို့ပင်သာကျေးရွာသို့ သွားရောက်ပြီး မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေါင်းလောင်း-ကြို့ပင်သာ စစ်တောင်းမြစ်ကူးတံတား ပေ ၆၀၀ ၏ ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ အင်ဂျင်နီယာများက ထိခိုက်မှုအခြေအနေများ၊ ပြန်လည်ပြုပြင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါတံတား၌ ရစ်တန်ယာဉ်များနှင့် ပြည်သူများ မေ ၉ ရက်မှစ၍ ဖြတ်သန်းသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ရုံးပင်-အေးချမ်းသာ စစ်တောင်းမြစ်ကူးတံတား ပေ ၈၄၀ ၏ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ အင်ဂျင်နီယာများက Pier 1 နှင့် Pier 2 ကြား Girder ပြုတ်ကျမှုကြောင့် ပေ ၉၀ ယာယီဘေလီတံတား တည်ဆောက်ပေးထားပြီး ၁၀ တန်ယာဉ်များနှင့် ပြည်သူများ မေ ၁၁ ရက်မှစ၍ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း တင်ပြရာ ဒုတိယဝန်ကြီးက ပညာရှင် အင်ဂျင်နီယာများက ထိခိုက်ပျက်စီးမှုများကို စနစ်တကျ စစ်ဆေးပြီး ပြန်လည်ပြုပြင်ရန် အစီအမံများ တင်ပြဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်အောင်မြင်ကျေးရွာသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရွာမကျေးရွာ၊ ပေါက်တောကျေးရွာ၊ ရန်အောင်မြင်ကျေးရွာတို့မှ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျား ရေသန့်စင်ကားဖြင့် အထိုင်ချပြီး သောက်သုံးရေ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရုံး အဝင်လမ်းအား ယာဉ်/ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့မှ ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရေးအတွက် အိမ်ရာများ တည်ဆောက်နိုင်ရေး မြေပြုပြင်နေမှုကိုလည်းကောင်း၊ ရုံးပတ်ဝန်းကျင်ရှိ စားရိပ်သာဆောက်လုပ်ရန် ပြင်ဆင်နေမှုနှင့် ဆည်ပေါင် ထိခိုက်ပျက်စီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ပုံနှိပ်စက်ရုံ၊ သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

## ငလျင်ဘေးသင့်ခဲ့သော်လည်း သတင်းစာများ ပုံမှန်ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့

**နေပြည်တော် ဧပြီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နေပြည်တော်ပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော် ပုံနှိပ်စက်ရုံ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သတင်းစာတိုက်နှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးမှု၊ ငလျင်ဘေးသင့်ခဲ့သော်လည်း သတင်းစာများ ပုံမှန်ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ဌာနဆိုင်ရာများ၏ ရုံးအဆောက်အအုံများ၊ ပြည်သူပိုင် အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရကြောင်း၊ သဘာဝဘေးဆိုသည်မှာ ရှောင်လွှဲ၍ မရနိုင်သဖြင့် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်မည့် အဆောက်အအုံများမှာ သဘာဝဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ဝန်ထမ်းများ၊ ပြည်သူများကလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း၊ ငလျင်ဘေးကြုံတွေ့ခဲ့ရသော်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ ရုပ်သံလိုင်းများ၊ နေ့စဉ်ထုတ်သတင်းစာများကို ပုံမှန်ဖြန့်ချိ ထုတ်လွှင့်နိုင်သည့်အတွက် ဝန်ထမ်းများကို အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများ အချင်းချင်း စာနာနားလည်မှုဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံစဉ်။

ယင်းနောက် နေပြည်တော် ပုံနှိပ်စက်ရုံ စက်ခန်း၊ စာအုပ်ချုပ်ခန်းများ၊ ပုံနှိပ်စက်များအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုအခြေအနေ၊ ကြေးမုံ သတင်းစာတိုက် အဆောက်အအုံ၊ ဘိုးဝဇီရခန်းမ၊ ပုံနှိပ်စက်ခန်းများ၊ CTP ခန်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

နံနက်ပိုင်းကလည်း ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ CITIC Group (Myanmar) Co., Ltd. က ပြန်ကြားရေးဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် ဒုတိယအသုတ် ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကားပြောကြားပြီး CITIC Group (Myanmar) Co., Ltd.မှ ဒုတိယဥက္ကဋ္ဌ Mr.Piao Bo နှင့် Mr. Ma Chanfu တို့က ငလျင်ဒဏ်သင့် ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ကျောက်မျက်ရတနာပြခန်းတွင် ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားသော နေပြည်တော်သားဖွားမီးယပ် အထူးကုဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် ခုတင် (၅၀)ဆေးရုံနှင့် ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ဆေးရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျောက်မျက်ရတနာပြခန်းတွင် ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားသော နေပြည်တော်သားဖွားမီးယပ် အထူးကုဆေးရုံကြီးအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်လူနာများ၊ ရိုးရိုးမွေးပြီးလူနာများ၊ ခွဲစိတ်မွေးဖွားပြီးလူနာများနှင့် မီးယပ်လူနာများ စုစုပေါင်းလူနာ ၃၁ ဦးတို့ကို လိုက်လံကြည့်ရှုအားပေးစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူနာခွဲစိတ်ခုတင်နှစ်လုံးဆံ့ ယာယီခွဲစိတ်ခန်းအသစ်တွင် ခွဲစိတ်ကုသခြင်းဆောင်ရွက်နေမှု၊ မွေးကင်းစကလေးများအား ပြုစုစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ပြင်ပလူနာများ လက်ခံကြည့်ရှုနေခြင်း၊ အတွင်းလူနာများနှင့် ပြင်ပလူနာများအား Ultrasound ရိုက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယာယီဆေးရုံဝင်းအတွင်းတွင် နေထိုင်ကြသော ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရေး အခြေအနေများနှင့် သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးနှင့်အညီ စားသောက်နေထိုင်ကြရန် မှာကြားသည်။ ထို့နောက် ယာယီဆေးရုံဝင်းအတွင်း နေထိုင်ကြသော ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များထဲမှ အသက် ၆၀ ကျော်သူများနှင့် အသက်ငါးနှစ်အောက်ကလေးများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Oral Cholera Vaccine – OCV) တိုက်ကျွေးနေမှုကို ကြည့်ရှုပြီး လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ရှိ သူနာပြုသင်တန်းကျောင်းသို့ သွားရောက်၍ ယာယီစခန်းအတွင်း နေထိုင်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများ၏ အခြေအနေနှင့် သင်တန်းကျောင်း၏ ငလျင်ဒဏ်ခံခဲ့ရမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားကာ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၈ ရက် ညနေပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀) ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း




ကွင်းဆင်းဆေးအဖွဲ့အဖြစ် ရောက်ရှိနေသော သီရိလင်္ကာဆေးအဖွဲ့သို့ သွားရောက်၍ ငလျင်ဘေးသင့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးကာ ကျန်းမာရေးဝန်ထမ်းများနှင့် သီရိလင်္ကာဆေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ခုတင်(၅၀) ဆေးရုံတွင် ဖွင့်လှစ်ထားသော အင်ဒိုနီးရှားဆေးအဖွဲ့ ယာယီဆေးခန်းသို့ သွားရောက်ကြည့်ရှု၍ ချိုင်းထောက်လိုအပ်သူများကို ချိုင်းထောက်များ ထောက်ပံ့ပေးနေမှုနှင့် ငလျင်ဘေးသင့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် အင်ဒိုနီးရှားဆေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❏ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် CITIC Group (Myanmar) ကုမ္ပဏီက စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်




**နေပြည်တော် ဧပြီ ၉**
CITIC Group (Myanmar) ကုမ္ပဏီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂)မှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နေပြည်တော် ရုံးအမှတ် (၄၁)၌ ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် CITIC Group (Myanmar) ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် Mr. Piao Bo၊ Mr. Ma Chuanfu နှင့် Mr. Zhang Yue တို့က ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထိုသို့ လှူဒါန်းရာတွင် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် ဆန်(၁၂ ကီလို)အိတ် ၂၂၀၊ ဆီ (၁ လီတာ) ဘူး ၂၃၀၊ ရေသန့် (၁ လီတာ) ဘူး ၃၆၀၀၊ ခြင်ထောင် အလုံး ၃၀၊ ယာယီတဲ ၁၀ လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် ပြည်တွင်း/ပြည်ပ အလှူရှင်များက လှူဒါန်းသည့်ပစ္စည်းများအား လက်ခံလွှဲပြောင်းပေးပြီး ဝန်ကြီးဌာနမှ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၉**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယမန်နေ့ ညနေပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ ဧရာဝတီဖောင်ဒေးရှင်းနှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုများအတွက် လာရောက်လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးသည်။



### အမြန်ဆုံးပြောင်းရွှေ့နေရာချထား

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နေပြည်တော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအဆောက်အအုံပတ်ဝန်းကျင်အနီးတွင် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် မြေနေရာနှင့် ယာယီအဆောက်အအုံဆောက်လုပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ပြောင်းရွှေ့နေရာချထားပေးရန် ကျန်ရှိနေသေးသော ဝန်ထမ်းများနှင့် မိသားစုဝင်များအား အမြန်ဆုံး ပြောင်းရွှေ့နေရာချထားနိုင်ရေးအတွက် လုပ်ငန်းများအား စနစ်တကျ လျင်မြန်စွာဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မန္တလေးမြို့သို့ သွားရောက်ပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း/အမှုထမ်းများအား မန္တလေးစွမ်းဟိုတယ်၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ဝန်ထမ်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကိုအားပေးမြှင့်တင်ပြီး ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း/စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ တိုးတက်လာသည့် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူ၍ ဝန်ကြီးဌာနအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့်အတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ယာယီနေရာချထားပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်ကြရေး၊ ကျန်းမာရေးနှင့် အသိသတိဖြင့် နေထိုင်ကြရေး၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် စာရင်းဇယားများဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ၂၉ လမ်းပေါ်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးအဆောက်အအုံနှင့် ၇၁ လမ်းရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရုံးအဆောက်အအုံ၏ ကြံ့ခိုင်မှု၊ သန့်ရှင်းသပ်ရပ်မှုနှင့် အမြင်တင့်တယ်မှုရှိအောင် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မရမ်းခြံဆိပ်ကမ်းသို့ သွားရောက်ကာ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် ခရီးသွားဆွဲဆောင်ရာနေရာများနှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန်အတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ခရီးသည်များကို ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဘာသာစကားနှင့် အသိပညာဗဟုသုတ ပြည့်စုံနေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရေး၊ ခရီးသွားဧည့်သည်များအတွက်လိုအပ်သည့် သတင်းအချက်အလက်များကို ပြည့်စုံစွာထားရှိနိုင်ရေး စီမံဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် Aung Myint Mo Hotel သို့ သွားရောက်ကာ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုပြီး ဟိုတယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးငလျင်ဒဏ်ခံခဲ့ရသည့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ် ပြုပြင်မွမ်းမံ၍ စိုက်ပျိုးရေပြန်လည်ပေးဝေ

**နေပြည်တော် ဧပြီ ၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေရေလွှဲဆည် ရေသောက်စနစ်ရှိ လက်ဝဲမြောင်းမကြီးနှင့် လက်ယာမြောင်းမကြီးများသို့ ရောက်ရှိကြပြီး မန္တလေးငလျင်ဒဏ်ကြောင့် ရေပေးမြောင်းမကြီး တစ်လျှောက်နှင့် လက်တံမြောင်းများ၏ ထိခိုက်ပျက်စီးမှုအား ဆည်မြောင်း နှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူပြန်လည်မွမ်းမံ၍ စိုက်ပျိုးရေပြန်လည်ပေးဝေနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး၏ စိုက်ပျိုးရေ အမြန်ဆုံးပြန်လည်ပေးဝေနိုင်ရေး မှာကြားချက်ပေါ် ဧပြီ ၈ ရက်မှစတင်၍ ရေပေးဝေလျက်ရှိရာ ယနေ့အချိန်တွင် လက်ဝဲမြောင်းမကြီး၏ မြောင်းဆုံးအထိ စိုက်ပျိုးရေရောက်ရှိပြီး လက်ယာမြောင်းမကြီးအနေဖြင့် ပေတိုင် ၂၇၀၀၀ အထိ စိုက်ပျိုးရေများ ရရှိကာ လက်တံမြောင်းများနှင့် လက်တံမြောင်းခွဲများတွင်လည်း အပိုင်းလိုက် ပြန်လည်ပြင်ဆင်ပြီး စိုက်ပျိုးရေများ ပြန်လည်ပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆင်သေရေလွှဲဆည်အား ယာယီမြေသား တမံပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီးနှင့် လက်ယာမြောင်းမကြီး ရေသောက်စနစ်များတွင် နွေစပါးနှင့် နွေအခြားသီးနှံမှုလလျာထားချက် စိုက်ဧကများအတိုင်း စိုက်ပျိုးရေ ဆက်လက်ပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ငလျင်လှုပ်ခတ်ပါက
လဲကျသွားနိုင်သည့်
အန္တရာယ်မှကာကွယ်ရန်
ထိုင်ချပါ။
ဦးခေါင်းကို ဦးစားပေး
အကာအကွယ်ယူပါ။
အခိုင်အမာဆုံးနေရာကို
မြဲမြံစွာ ကိုင်ထားပါ။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း(MFS)များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၉**

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ငွေကြေးစီးဆင်းမှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုဘဏ်ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ယနေ့မွန်းလွဲ ၂ နာရီတွင် Video Conferencing ဖြင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း (MFS) များမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။(ယာပုံ)





ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပြည်သူများ ငွေသားထုတ်ယူမှု လွယ်ကူအဆင်ပြေစေရေးအတွက် ATM များတွင် ငွေသားလိုအပ်ချက် ပံ့ပိုးနိုင်ရေး၊ ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများအလိုက် ရုံးပိတ်ရက်ရှည်များတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ အလှည့်ကျတာဝန်များ ချမှတ်စီစဉ်ရေး၊ ဘဏ်နှင့်ငွေကြေးလုံခြုံမှုအတွက် လုံခြုံရေးအစီအစဉ်များချမှတ်ရေး၊ ရုံးပိတ်ရက်ရှည်များအတွင်း Mobile Team များဖြင့်လည်းကောင်း၊ ဘဏ်ခွဲဖွင့်လှစ်ပေး၍လည်းကောင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးနိုင်မည့် အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်မှုတွင် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် သီးခြားဆောင်ရွက်ပေးမည့် အစီအစဉ်များတင်ပြရေး၊ နိုင်ငံခြားငွေကိစ္စရပ်များ အပါအဝင် ပြည်ပရောက် မြန်မာလုပ်သားများ၏ လွှဲပြောင်းငွေများ အခက်အခဲမရှိ ပြန်လည်ထုတ်ပေးနိုင်ရေး၊ အင်အားပြင်းငလျင်ဒဏ်ခံရသည့်နေရာများရှိ ပြည်သူများ ဘဏ်ဝန်ဆောင်မှု လွယ်ကူမြန်ဆန်စွာ ရရှိနိုင်ရန် ပံ့ပိုးပေးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းငွေများ (မြန်မာကျပ်/ နိုင်ငံခြားငွေ)လွှဲပြောင်းဝင်ရောက်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စက်သုံးဆီဆိုင်များအပါအဝင် အခြားလက်လီ/လက်ကား ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်များတွင် မြန်မာကျူအာ (MMQR) အသုံးပြု၍ လွယ်ကူစွာငွေပေးချေနိုင်ရေးဆောင်ရွက်ပေးမည့် ကိစ္စများနှင့် သင်္ကြန်ပိတ်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က CBM-Net ကို ပိတ်ရက်မရှိ ဖွင့်လှစ်ပေးမည့်အစီအစဉ်များနှင့် ဗဟိုဘဏ်က ငွေကြေးပံ့ပိုးပေးမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ တာဝန်ရှိသူများက သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ဘဏ်ဝန်ဆောင်မှုများကို အခက်အခဲမရှိ ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ဗဟိုဘဏ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။

**သတင်းစဉ်**

# ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀) ဆံ့ မြို့နယ်ဆေးရုံနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များ၊ ဝန်ထမ်းအိမ်ရာများ ငလျင်ဒဏ်ကြောင့် အဆောက်အအုံထိခိုက်ပျက်စီးမှုများကို စက်ကိရိယာများဖြင့် တိုင်းတာစမ်းသပ်မှုပြုလုပ်

**နေပြည်တော် မေ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့မွန်းလွဲပိုင်းတွင် အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်ပွားစဉ် ထိခိုက်ပျက်စီးခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ခွဲစိတ်ကုသဆောင်များကို အဆောက်အအုံကြံ့ခိုင်ရေး တိုင်းတာသည့် စက်ကိရိယာများဖြင့် တိုင်းတာစမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို အဆောက်အဦဦးစီးဌာနမှ ဦးကိုကိုအေး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစီးသည့်အဖွဲ့မှ ဆေးကုသဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို အဆောက်အအုံကြံ့ခိုင်ရေးတိုင်းတာသည့် စက်ကိရိယာများဖြစ်သည့် Rebound Hammer စက်ဖြင့် ကွန်ကရစ်မျက်နှာမာကြောမှုအခြေအနေနှင့် ခံနိုင်ရည်တိုင်းတာနေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)သို့ ရောက်ရှိပြီး ဆေးကုသဆောင်များ၊ ခွဲစိတ်ကုသဆောင်၊ ဝန်ထမ်းအိမ်ရာများကို အဆောက်အအုံကြံ့ခိုင်ရေးတိုင်းတာသည့် စက်ကိရိယာများဖြစ်သည့် Rebound Hammer စက်ဖြင့် အဆောက်အအုံတိုင်များအား ကွန်ကရစ်မျက်နှာမာကြောမှု အခြေအနေနှင့် ခံနိုင်ရည်ကိုလည်းကောင်း၊ Ultrasonic Pulse Velocity (UPV) စက်ဖြင့် ကွန်ကရစ်အရည်အသွေး၊ ကွန်ကရစ်ခံနိုင်ရည်အားနှင့် Crack Depth အားလည်းကောင်း၊ Profoscope စက်ဖြင့် အဆောက်အအုံ ကွန်ကရစ်အတွင်းရှိ သံချောင်းတည်ရှိမှု၊ သံချောင်း အရွယ်အစားနှင့် Concrete Cover ကိုလည်းကောင်း တိုင်းတာစမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အဆောက်အဦဦးစီးဌာနမှ ဦးကိုကိုအေး ညွှန်ကြားရေးမှူး(မြို့ပြ)မှ တိုင်းတာစစ်ဆေးနေမှု အခြေအနေများနှင့် တိုင်းတာသည့် စက်ကိရိယာမှ ထွက်ရှိသည့် အဖြေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိမိတို့စစ်ဆေးသည့် အဆောက်အအုံအလိုက် စစ်ဆေးတွေ့ရှိချက် မှတ်တမ်းထားရှိရန်၊ နေထိုင်ရန်မသင့်သည့် အန္တရာယ်ရှိ အဆောက်အအုံများတွင် သတိပေးဆိုင်းဘုတ် တပ်ဆင်ထားရန် လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# MYANMAR SWAT INTERNATIONAL SECURITY GROUP မှ ပျဉ်းမနားမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်လှူဒါန်း

**နေပြည်တော် မေ ၉**

MYANMAR SWAT INTERNATIONAL SECURITY GROUP မှ တာဝန်ရှိသူများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်လှူဒါန်းကြသည်။

နံနက်ပိုင်းတွင် MYANMAR SWAT INTERNATIONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan Zheng Li ဦးဆောင်သောအဖွဲ့သည် ပျဉ်းမနားမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ခဲ့သည့် အိမ်ထောင်စု ၁၅၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ၊ နီ၊ ငါးခြောက်၊ ဝက်အူချောင်းနှင့် ရေသန့်များကိုငလျင်ဘေးဒဏ်သင့် ပြည်သူများ၏လက်ဝယ်အရောက် သွားရောက်လှူဒါန်းကြသည်။



MYANMAR SWAT INTERNATIONAL SECURITY GROUP အနေဖြင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ MYANMAR SWAT INTERNATIONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan Zheng Li က "ကျွန်တော်တို့ ကုမ္ပဏီက လက်ရှိမြန်မာပြည်မှာ နှစ်နှစ်ဆယ် သက်တမ်းရှိနေပါပြီ။ ကုမ္ပဏီရဲ့ အဓိကလုပ်ငန်းတွေက မွေးမြူရေး၊ လုံခြုံရေးနဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ ပါဝင်ပါတယ်။ မတ် ၂၈ ရက်က အင်အားပြင်းငလျင်တစ်ခု လှုပ်သွားတယ်ဆိုတဲ့ သတင်းကြားတဲ့အချိန်မှာ ကျွန်တော်တို့ ကုမ္ပဏီရဲ့ အရာရှိပိုင်းတွေ စုစည်းပြီးတော့ အစည်းအဝေးတွေ လုပ်ခဲ့တယ်။ ငလျင်ဘေးသင့် ပြည်သူတွေအတွက် ဘယ်လိုတွေ ကူညီနိုင်မလဲဆိုတာ စဉ်းစားခဲ့ပါတယ်။

ထိခိုက်မှုရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေအတွက်နဲ့ ပြည်သူတွေအတွက်ပါ ကုမ္ပဏီဘက်ကနေ ဘယ်လိုသွားရောက်ကူညီရမလဲဆိုတာ အရင်ဆုံး စဉ်းစားဖြစ်ပါတယ်။ ဝန်ထမ်းတွေနဲ့ ပြည်သူတွေ ပထမဆုံး သောက်ရေနဲ့ လျှပ်စစ်မီးလိုအပ်ချက်ရှိတဲ့ အချိန်မှာ သောက်ရေသန့်တွေကို ဦးစားပေးဝယ်ယူခဲ့တယ်။ ပြီးတော့ ဆန်၊ ဆီ၊ ဆား၊ စားသောက်ကုန်နဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ပြီးတော့ နေပြည်တော်ကို လာခဲ့ပါတယ်။ နေပြည်တော်အတွင်းမှာရှိတဲ့ ကူညီထောက်ပံ့လို့ရတဲ့ နေရာတွေကို သွားရောက်ပြီးတော့ တတ်နိုင်တဲ့ဘက်ကနေ ကူညီခဲ့ပါတယ်။

စားသောက်ကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ အမှန်တကယ်လိုအပ်နေတဲ့ ဝန်ကြီးဌာနတော်တော်များများကို ပစ္စည်းတန်ဖိုး ကျပ် ၁၀၀၀ ကျော်ကို သွားရောက် လှူဒါန်းခဲ့ပြီးပါပြီ။ ဆက်လက်ပြီး ငလျင်ဘေးဒဏ်ကို အဆိုးဆုံးခံခဲ့ရတဲ့ မန္တလေးနဲ့ စစ်ကိုင်းတိုင်း ဘက်ကိုလည်း နောက်ရက်တွေမှာ သွားရောက် လှူဒါန်းဖို့ အစီအစဉ်လည်းရှိပါတယ်။ ငလျင်ဘေးဒဏ်သင့် ပြည်သူတွေအတွက် ယာယီနေထိုင်လို့ရမယ့် ယာယီမိုးကာတဲတွေကိုလည်း ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

ကျွန်တော့်အနေနဲ့ ငလျင်ဘေးဒဏ်သင့် ပြည်သူတွေအားလုံး လက်ရှိကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို အမြန်ဆုံး ကျော်လွှားနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဧပြီ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့်ခဲ့သောဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေး ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန် ဆွေးနွေးမှာကြားကာ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းလှူဒါန်းသော Hygiene Kit များအား လည်းကောင်း၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီးနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် စစ်ကိုင်းမြို့ ကမ်းနားလမ်းရှိငလျင်ဒဏ်သင့်ပြည်သူများအတွက် သောက်သုံးရေသန့် ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိဆောင်းဒါး ရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ သင်တန်းကျောင်းသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအားလည်းကောင်း၊ ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီရွှေ့ပြောင်းနေထိုင်မည့် ဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နိုင်ရေးအတွက် မြေနေရာရှင်းလင်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ မိုးရာသီမတိုင်မီ လုံခြုံမှုရှိသည့် အမိုးအကာအောက် ရောက်ရှိရေး အမြန်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် Hygiene Kit၊ ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီးနောက် မြို့နယ်သမဝါယမအသင်းစုပိုင် ဆန်စက်ပြိုကျပျက်စီးမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ယာယီရုံးများဖွင့်လှစ်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြရန် ဆွေးနွေးမှာကြားပြီးနောက် Hygiene Kit များ ၊ ဆန်၊ ဆီနှင့် စားသောက်ကုန် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး)သို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေး ဂရုစိုက်ကြရန် ဆွေးနွေးမှာကြားပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများနှင့် ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun(Good Brother’s) ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တန် ၁၅၀ ကျဆန်စက်တည်ဆောက်နေမှုကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုပ်လုပ်ရေးသမဝါယမအသင်းလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေးနို့ချက်စက်ရုံပျက်စီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြရန် ဆွေးနွေးမှာကြားပြီး ထောက်ပံ့ငွေများ၊ Hygiene Kit များ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်

**စစ်တွေ ဧပြီ ၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၅) ကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ညှိနှိုင်း အစည်းအဝေးတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ အတူတကွ ပူးပေါင်းဆောင်ရွက်နေခြင်းသည် ယခုဆိုလျှင် အစိုးရသက်တမ်းအချိန်ကာလတစ်ခုကို ရောက်ရှိလာပြီဖြစ်သည့်အတွက် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကိုလည်း ကောင်းစွာသိရှိပြီးဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၏ အားထုတ် ကြိုးပမ်းမှုကိုလည်း အသိအမှတ်ပြုသကဲ့သို့ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေတောင်းခံခြင်း၊ လျာထားခြင်းကိစ္စများနှင့် ပတ်သက်၍ ဌာန၏အမှန်အသုံးစရိတ်များအပေါ် အခြေခံ၍ လာမည့်နှစ်အတွင်း အမှန်ကုန်ကျနိုင်မည့် အသုံးစရိတ်များကို အနီးစပ်ဆုံး ခန့်မှန်းရေးဆွဲ တောင်းခံရသည့်အတွက် အမှန်တကယ်သုံးစွဲရမည့် ငွေစာရင်း ခေါင်းစဉ်အလိုက် စနစ်တကျ လျာထားတောင်းခံကြရန် ခွင့်ပြုငွေများကိုလည်း မိမိ အမှန်တကယ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက် (Work Plan) လျာထားချက်အတိုင်း သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အလိုက် ငွေသားစီမံချက်ရေးဆွဲတင်ပြပြီး တင်ပြထားသည့်အတိုင်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ် ဘဏ္ဍာနှစ်အတွင်း အချိန်မီသုံးစွဲနိုင်အောင် စီမံဆောင်ရွက်ကြရန် အလေးအလွှင့်မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်သွားရန်လိုအပ်ကြောင်း၊ ဘဏ္ဍာနှစ်အတွင်း လျာထားချက်များအတိုင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် အလေးထား ပြောကြားလိုကြောင်း။

ထို့အပြင် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ရသင့်ရထိုက်၊ ခံစားသင့်ခံစားထိုက်သည့်ဝန်ထမ်းတို့၏ အခွင့်အရေးကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် လုပ်ငန်းခွင်ပျော်ရွှင်မှုရရှိရေးအတွက် စိတ်ဓာတ်မြှင့်တင်ရေးအစီစဉ်များကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒေသအခြေအနေအရ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်နေသည့်အပြင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ယာယီနေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများကိုလည်း ပေးအပ်ကူညီလျက်ရှိကြောင်း၊ ထို့ပြင်စစ်တွေမြို့ပေါ်ရှိ သာသနိက အဆောက်အအုံများကိုလည်း ရေးမူမပျက် ပြုပြင် ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများတွင် ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်စေရန်၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီး ရရှိစေရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထွေထွေ ပိုလျှံရန်ပုံငွေမှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက မိမိတို့ဌာနအလိုက် ဝန်ထမ်းများတာဝန်ထမ်းဆောင်နေမှု၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလ အတွင်း ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့ ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သင်္ကြန်အမှတ်တရ လက်ဆောင်များကို ဌာနဆိုင်ရာများအား ပေးအပ်ချီးမြှင့်သည်။

**တင်ထွန်း (ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စစ်ကိုင်းစက်မှုဇုန်ရှိ လုပ်ငန်းရှင်များ၊ စစ်ကိုင်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းစက်မှုဇုန်ခန်းမ၌ လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် စစ်ကိုင်းမြို့အနီး၌ ဗဟိုပြု၍ အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်သေဆုံးခြင်း၊ နေအိမ်အဆောက်အအုံများ၊ စက်မှုလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစိုးရစက်ရုံများအပြင် ပုဂ္ဂလိကကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ MSME လုပ်ငန်းများ၏ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် စက်မှုဇုန်များ၏ ပကတိအခြေအနေမှန်နှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြမှသာ ထိရောက်သည့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများကို စာရင်းပြုစုထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေစက်ရုံများ၊ သံနှင့်သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စသည်တို့ကို စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ပြည်သူများ၏ နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်ခြင်းသည် ပြည်သူမှ ပြည်သူသို့ ကူညီဆောင်ရွက်ခြင်းဖြစ်၍ အလေးထားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။



ထို့နောက် စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း စက်ရုံအလိုက် ပျက်စီးခဲ့မှုအခြေအနေ၊ စက်မှုလုပ်ငန်းရှင်များက ငလျင်လှုပ်ခတ်မှုကြောင့် စက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့၍ ပြည်ပမှ တင်သွင်းခွင့်ရရှိရေး၊ စက်သုံးဆီရရှိရေး၊ ကုန်ကြမ်းများသယ်ယူခွင့်ရရှိရေး၊ ဘိလပ်မြေရရှိရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးမည့်အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တွေ့ဆုံ၍ စက်မှုဇုန်များ ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ စက်မှုဇုန်အတွက် လိုအပ်သည့် ကုန်ကြမ်းများနှင့် စက်သုံးဆီများအား ရေလမ်းမှ သယ်ယူနိုင်ရေးအတွက် ဆိပ်ကမ်းအသစ်များ တည်ဆောက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဏ္ဍိုင်စက္ကူစက်ရုံတွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း၊ Triple Circle industry Co., Ltd. ၏ ဝိုင်ယာနှင့် ကေဘယ်ထုတ်လုပ်သည့် စက်ရုံအတွင်းရှိ အဆောက်အအုံနှင့် စက်ပစ္စည်းများပျက်စီးခဲ့မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေတို့ကို အသေးစိတ်ပြုစုမှတ်တမ်းတင်ထားရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်၍ အစွမ်းကုန်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့တွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား စစ်ကိုင်းခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးရုံး၌ တွေ့ဆုံ၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံ၊ စက်ပစ္စည်းစာရင်းများကို ဓာတ်ပုံမှတ်တမ်းနှင့်အတူ ပြုစုတင်ပြရန်၊ စက်မှုလုပ်ငန်းအစီအစဉ်ဖြင့် ဆောင်ရွက်ရသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်၊ ခြံစည်းရိုးကာရံနိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် စက်ရုံများ၊ စက်ရုံအဆောက်အအုံများ တည်ဆောက်မည်ဆိုပါက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိကို စနစ်တကျကြပ်မတ် စစ်ဆေးသွားရန်၊ စက်ရုံများပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ရုံရှိ အဆောက်အအုံများ၊ စက်ပစ္စည်းများအား စစ်ဆေးရန် အဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် စက်ရုံများအနေဖြင့် စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားပြီး စစ်ကိုင်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း ၆၉၄ ဦးအတွက် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၉၄ သိန်းကို ထောက်ပံ့ပေးအပ်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

စသည့် အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်မေးမှိန်ခဲ့ရပြီ ဖြစ်သည်။

အာဆင်နယ်အသင်းကွင်းလယ်ကစားသမား ဒက္ကလန်ရိုက်စ်သည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲကစားချိန် ၅၈ မိနစ်နှင့် မိနစ် ၇၀ တွင် ရရှိခဲ့သော အလွတ်တည်ကန်ဘော နှစ်ကြိမ်စလုံးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။ ထို့အပြင် အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၁၂ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ၁၁ ကြိမ်အထိ ရှိခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဒက္ကလန်ရိုက်စ်နှင့် မော်ရီနိုတို့က သွင်းယူပေးခဲ့သည်။


မေ ၉ ရက် နံနက် ၁ နာရီခွဲတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှ ဘိုင်ယန်မြူးနစ်နှင့် အင်တာမီလန်အသင်းပွဲစဉ်တွင် အင်တာမီလန်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**


■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၇-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



❖ *ကျောဖုံးမှ*

ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နောက် ၃၀ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ မေ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။ မေ ၁၂ ရက်မှ မေ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကို လည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ယာယီအဆောက်အအုံများ တည်ဆောက်



**နေပြည်တော် မေ ၉**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရှိ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ကြစေရန် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော် ကောင်စီရုံးလမ်းမပေါ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနပိုင်မြေနေရာ၌ ယာယီအဆောက်အအုံများ တည်ဆောက်နိုင်ရန် စီမံဆောင်ရွက်နေမှုအား ယနေ့ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သောက်သုံးရေအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တမံမှ ပေါင်းလောင်းမြစ်အတွင်း စီးဝင်သည့် ညိုပြင်ချောင်းအား ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရန်အောင်မြင်ကျေးရွာအနီးတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေလမ်းကြောင်း ကျဉ်းမြောင်းနေမှု၊ ချောင်းနယ်နိမိတ်အတွင်း အိမ်ခြံမြေများ ကျူးကျော်ဆောင်ရွက်နေမှုနှင့် အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ရေလမ်းပိတ်ဆို့နေမှုများကို ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

တမံအမြင့် ၃၆ ပေ၊ တမံအလျား ပေ ၄၀၆၀၊ ရေဆင်းဧရိယာ ၁၁ စတုရန်းမိုင်ရှိပြီး မြေသားတမံ အမျိုးအစားဖြစ်သည့် ရန်အောင်မြင်တမံမှ မြို့သောက်သုံးရေအတွက် အကျိုးပြုလျက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ကုန်းကျောတမံ၏ ကန်ရေအပြည့် အမှတ် Full Tank Level အထက်တွင် ထိခိုက်ခဲ့သဖြင့် အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်၍ ကန်အတွင်းရှိ သိုလှောင်ရေများကို တဖြည်းဖြည်းလျှော့ချလျက်ရှိရာ မူလရေလမ်းကြောင်းဖြစ်သည့် ညိုပြင်ချောင်းမှ စီးဆင်းမည့် ရေများ အလေအလွင့်မဖြစ်စေရန် ညိုပြင်ချောင်းပေါ်ရှိ ဝက္ကမူရာဘာရေလွှဲဆည်၊ ညိုပြင်ရေလွှဲဆည်များမှတစ်ဆင့် စိုက်ပျိုးရေရရှိအောင် ပေးဝေသွားမည် ဖြစ်ကြောင်း၊ သိုလှောင်ရေလျှော့ချမှုသည် မိုးမကျမီ တမံပြုပြင်ရန်အတွက်သာဖြစ်ပြီး စိုးရိမ်ရသည့်အခြေအနေကြောင့်မဟုတ်ကြောင်း၊ အများပြည်သူများအနေဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ကုန်ရထားများနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား လမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ ပြန်လည်ပြေးဆွဲမည်

**နေပြည်တော် မေ ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာသယ်ယူပို့ဆောင်နိုင်ရေးအတွက် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာတွင် သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ရထားလမ်းနှင့်တံတားများ ကြံ့ခိုင်မှုအားနည်း၍ ပြန်လည်အဆင့်မြှင့်တင်နိုင်ရန် သထုံ - မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများအား ယာယီရပ်နားခဲ့ရသည်။

သထုံ-မြိုင်ကလေးလမ်းပိုင်းတွင် သထုံလေးတိုင်အထိ လမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့၍ မတ် ၂၀ ရက်မှစ၍ ကုန်ရထားများစတင်ပြေးဆွဲခဲ့ပြီးဖြစ်သည်။ ယခုအခါ မော်လမြိုင်-ရေးလမ်းပိုင်းတွင် မော်လမြိုင်မှ သံဖြူဇရပ်အထိ ရထားလမ်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မေ ၁၀ ရက်မှစ၍ ကုန်ရထားများ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။ ထို့အတူ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်းတွင်လည်း မတ် ၂၈ ရက်တွင် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပျဉ်းမနားဘူတာမှ ကံသာဘူတာကြား ရထားလမ်းပိုင်းအချို့နှင့် တံတားနှစ်စင်း ပျက်စီးခဲ့ရသဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။ ယခုအခါ အဆိုပါပျက်စီးမှုများကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ရထားလမ်း ပြန်လည်အသုံးပြုနိုင်ပြီဖြစ်၍ အမှတ်(၁၀၃)အဆန်/အမှတ်(၁၀၄)အစုန် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား လူစီးကုန်တင်ရထားများအား မေ ၁၀ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရတနာစီမံကိန်းအထွက်တိုးရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးပွဲတက်ရောက်

**နေပြည်တော် မေ ၉**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEP International Ltd. တို့အကြား ရတနာကမ်းလွန်စီမံကိန်းအထွက်တိုးရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နိုင်ငံတော်၏ အားထားရသည့် ကမ်းလွန်စီမံကိန်းတစ်ခု ဖြစ်သည့် ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့မြေတွင် အထွက်နှုန်း ကျဆင်းလာခြင်းကို ကုစားနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEP International Ltd. တို့ အထွက်နှုန်းတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်အတွင်း စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးကြသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် အထူးကြိုးစား ဆောင်ရွက်ခဲ့ကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ PTTEP International Ltd. မှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ချုပ်ဆိုသည့် စာချုပ်အရ ပိုမိုတိုးမြှင့်ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို မြန်မာနိုင်ငံ ပြည်သူများသာမက ထိုင်းနိုင်ငံ ပြည်သူများအနေဖြင့်လည်း မျှဝေသုံးစွဲခွင့်ရရှိမည့်အပေါ် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အတိုင်း သတ်မှတ်ချိန်အတွင်း သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထွက်ရှိလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုးပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် PTTEP International Ltd. မှ Vice President ဦးဆောင်သည့်အဖွဲ့ဖြင့် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ PTTEP International Ltd. မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၉ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၉**

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group (MMAG)တို့ ပူးပေါင်းစီစဉ်သည့် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ သုံးချီပြိုင်ပွဲတွဲဆိုင်း ၁၂ ဆိုင်း ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ဖိုးခွား (ရိုးရာသွေး)က လှမျိုးထွန်း (ဟံသာဝတီသား)ကိုဒုတိယအချီတွင်လည်းကောင်း၊ ကောင်ကြီး (ရန်ကြီးအောင်) က နိုင်လင်းစိုး (MK-1) ဒုတိယအချီတွင် လည်းကောင်း၊ ရန်ပိုင်စိုး (YMA) က ထက်အာကာ (Smart Fight) ကို ဒုတိယအချီတွင် လည်းကောင်း၊ ဆန်းမြတ်ဦး (Ray)က ကျားရိုင်းလေး (ရေတာရှည်) ကို ဒုတိယအချီတွင်လည်းကောင်း၊ ကျားမာန်ဟိန်း (MFC)က အကြီးကောင် (ရိုးရာသွေး) ကို ဒုတိယအချီတွင် လည်းကောင်း အနိုင်ရရှိသွားကြသည်။



ထို့ပြင် ရဲမင်းအောင် (ဥဿာမင်း) က ကောင်းခန့် (ရိုးရာသွေး) ကို ပထမအချီတွင်လည်းကောင်း၊ စအိုင်းလား (MK-1)က ရာဇာ (လုံးချော) ကို ပထမအချီတွင်လည်းကောင်း၊ မင်းခန့် (ရိုးရာသွေး)က ကိုမျိုး (MK-1)ကိုပထမအချီတွင် လည်းကောင်း၊ အာနိုးလေး (ရေတာရှည်) က နေထွန်းလင်း (Eagle) ကို ပထမအချီတွင် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ထို့ပြင် လွမ်းဒေါင် (လုံးချော) နှင့် ရန်ပိုင်အောင် (ရန်ကြီးအောင်)၊ မိုက်ခဲ (Eagle) နှင့် ဒန်နီရယ် (USA)၊ ရွှေလင်းယုန် (ကျားမနိုင်) နှင့် စောဆဲခူး (555 Max)တို့က အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

**အာကာစိုး**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မန္တလေးငလျင်ကြီးဒဏ်ခံစားခဲ့ရသည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ ကူညီထောက်ပံ့မှုများဆောင်ရွက်

**တောင်ကြီး မေ ၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟိုတယ်ဇုန်ရှိ ထောက်ပံ့ရေးပစ္စည်းနှင့် အလှူငွေလက်ခံဌာနသို့ ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန္တလေးငလျင်ကြီးဒဏ်ကြောင့် ရေအခက်အခဲဖြစ်သည့် ကျေးရွာများမှ ဒေသခံများအတွက် ရေသန့်စက်ဖြင့် ရေသန့်ပေးဝေနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့ရသည့် နေအိမ်များ၊ ထိခိုက်ခံစားခဲ့ရသည့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လက်ခံထားရှိမှုနှင့် လာရောက်လှူဒါန်းကြသည့် စေတနာရှင်၊ အလှူရှင်များနှင့်တွေ့ဆုံသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဒဏ်ကြောင့် ယိမ်းယိုင်ခဲ့ရသည့် ကေလာရွာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော်စန္ဒာဇောတိ အားဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဘေးဒဏ်ကြောင့် ယိမ်းယိုင်သွားခဲ့ရသည့် ကေလာဘုန်းတော်ကြီးကျောင်း ပြန်လည်တည့်မတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကေလာကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းရှိ ယာယီငလျင်ရှောင်စခန်းတွင် ပြုလုပ်သည့် ညောင်ရွှေမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်သည့် ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာ ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကြီးကြပ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က မန္တလေးမြေငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ကေလာကျေးရွာအတွက် ၃၄၀၂ သိန်း၊ ဇရပ်ကြီးကျေးရွာအတွက် ၉၄၅ သိန်း၊ အုန်းပင်ကျေးရွာအတွက်ထောက်ပံ့ငွေ ၄၁၃ သိန်း၊ မြွေပွေးထက်ကျေးရွာအတွက် ၃၉၉ သိန်း၊ အင်းခြံကျေးရွာအတွက် သိန်း ၂၈၀၊ စိတ္တကျေးရွာအတွက် ၃၅၇ သိန်း စုစုပေါင်းကျပ်သိန်း ၅၇၉၆ သိန်း တစ်အိမ်ထောင်စုလျှင် ခုနစ်သိန်းနှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၈၂၈ စုအတွက် ပေးအပ်ခဲ့ရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးမြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများ ဆေးကုသမှုခံယူနေသည့်ယာယီဆေးရုံသို့သွားရောက်ကာ လူနာများကို အာဟာရပစ္စည်းများ ထောက်ပံ့၍ ကျန်းမာရေးစစ်ဆေးမှုခံယူနေသည့် ငလျင်ဒဏ်သင့်ပြည်သူများကို လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးမြေငလျင်ဒဏ်ကြောင့် ထိခိုက်မှုများရှိခဲ့သည့် အင်းလေးဖောင်တော်ဦးဘုရားသို့ရောက်ရှိပြီး ပင်မကျောင်းဆောင်ကို အမြန်ဆုံးနှင့် အခိုင်ခံ့ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များမှာကြားကာ ရင်ပြင်တော်တစ်ဝိုက် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နန်းပန်မြို့ နောင်ကန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ကြာတောကျေးရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် စေတီပုထိုးများကွဲအက်ခြင်း ၁၅ ဆူ၊ ဘုန်းတော်ကြီးကျောင်းထိခိုက်ပျက်စီးမှု ၅၄ ကျောင်း၊ စာသင်ကျောင်းထိခိုက်ပျက်စီးမှုကျောင်း ၅၀၊ နေအိမ်ပြိုကျမှု ၂၂၉၇ လုံး၊ နေအိမ်ပျက်စီးခြင်း ၅၉၅ လုံးရှိပြီး ငလျင်ဘေးသင့်လူဦးရေပေါင်း ၁၃၃၈၃ ဦးရှိကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၉**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။



တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်းပစ္စည်းတန်ချိန် ၁၀၄ တန် တင်ဆောင်လာသော Y-20 အမျိုးအစားလေယာဉ်လေးစင်းတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။ အဆိုပါပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ Ms. Cao Jing ကလွှဲပြောင်းပေးအပ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိန်းတို့က လက်ခံခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲ၊ မိုးကာစ၊ အိပ်ရာခင်း၊ ခြင်ထောင်နှင့် စားသောက်ကုန်များ စုစုပေါင်း ၉၂၇၂၇ Kg တင်ဆောင်လာသည့် Air China လေကြောင်းမှ လေယာဉ်သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Minister Counsellor ဖြစ်သူ Mr. Jia Junjie နှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သောက်သုံးရေရှားပါးမှုများကြုံတွေ့နေရသည့် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

**နေပြည်တော် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် မှော်စက်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၂၆ စု၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၁၂ စု၊ ကျန်စစ်သားရပ်ကွက်ရှိ အိမ်ထောင်စု ၄၅၈ စုနှင့် ဗညားဒလရပ်ကွက်၊ နန်းဦးပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူသော သံဃာတော်အပါး ၁၅၀ တို့အတွက် သောက်သုံးရေ အဆင်ပြေစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ၄၃ မီတာရေသယ်ယာဉ်ဖြင့် သောက်သုံးရေစုစုပေါင်း ဂါလန် ၅၀၀၀၀ ကို သွားရောက်ဖြန့်ဝေလှူဒါန်းပေးသည်။

**သွားရောက်ကြည့်ရှု**

ထို့သို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အခွန်စည်းကြပ်မှုကြောင့် အမေရိကန် စားသုံးသူ အများစုထိခိုက်နစ်နာမည်ဟု ကျွမ်းကျင်သူပြော

**ဝါရှင်တန် ဧပြီ ၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အပြန်အလှန်စည်းကြပ်ခွန်ကို စီစဉ်ထားသည့်အတိုင်း ဧပြီ ၉ ရက်တွင် စတင်လိုက်ပြီဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ချမှတ်ထားသည့် ကြီးမားသည့်အခွန်စည်းကြပ်မှုကြောင့် အမေရိကန်စားသုံးသူများကို အဆိုးရွားဆုံး ထိခိုက်စေလိမ့်မည်ဟု ခရိုအေးရှား စီးပွားရေးလေ့လာသူ အန်ဒရိတ် ဂရူဘီစီက ဧပြီ ၉ ရက်တွင် ပြောကြားခဲ့သည်။

အခွန်စည်းကြပ်မှုပြုလုပ်ခြင်းသည် လူတစ်ဦးချင်းအပေါ် ပိတ်ဆို့အရေးယူမှုထက်မပိုကြောင်း၊ အပြိုင်အဆိုင်မရှိသည့် ပြည်တွင်းထုတ်လုပ်သူများအတွက်သာ အကျိုးဖြစ်ထွန်းကြောင်း ၎င်းက ပြောသည်။

အခွန်စည်းကြပ်ခြင်းသည် အချိန်ကြာလာသည့်နှင့်အမျှ အကောင်းထက်အဆိုးများသာ ပိုများလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ကန့်ကွက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေသည့်ကြားမှပင် ထရမ့်သည် အပြန်အလှန်အခွန်ကောက်ခံမှုဟုခေါ်သော တင်သွင်းကုန်အားလုံးအပေါ် ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုကိုလက်မှတ်ရေးထိုးခဲ့သည်။ သို့သော်လည်း အမေရိကန်မီဒီယာများ၏ ပြောကြားချက်အရ အခွန်စည်းကြပ်မှု၏ အကျိုးဆက်ကို ခံစားရမည့်သူများမှာ အမေရိကန်စားသုံးသူများဖြစ်သည်ဟု ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်၏ အခွန်စည်းကြပ်မှုသည် တစ်ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးကျဆင်းမှုတို့အပါအဝင် မသေချာမရေရာမှုများကို ဖြစ်ပေါ်စေမည်ဟု ခရိုအေးရှား စီးပွားရေးလေ့လာသုံးသပ်သူများက သတိပေးထားသည်။




ဆင်ဟွာ

# ဂါဇာကလေးငယ် ၆၀၀၀၀ ခန့် အသက်သေဆုံးနိုင်သည်အထိ အာဟာရချို့တဲ့ခြင်းကို ရင်ဆိုင်နေရ

**ဂါဇာ ဧပြီ ၉**

ဂါဇာကမ်းမြောင်ဒေသတွင်ရှိသော ကလေး ၆၀၀၀၀ ခန့် အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည့် အာဟာရချို့တဲ့ခြင်းကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များတွင် ဖော်ပြခဲ့သည်။

လက်ရှိ အခြေအနေတွင် အစ္စရေးတို့က နယ်စပ်ဒေသများကို ဆက်လက်ပိတ်ဆို့ထားပြီး အရေးတကြီး လိုအပ်လျက်ရှိသော အစာအာဟာရများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို တင်းကြပ်စွာ တားမြစ်ထားသောကြောင့် ဂါဇာကမ်းမြောင် ဒေသတွင်းရှိ ကလေးငယ်များ အင်တော်ဘေး အန္တရာယ်ကို ဆိုးရွားစွာ ကြုံတွေ့လျက်ရှိသည်။ လုံလောက်သော စားရေရိက္ခာမရရှိဘဲ ပြတ်လပ်နေမှုများ၊ သန့်ရှင်းသောရေမရခြင်းနှင့်အတူ ကာကွယ်ဆေးထိုး၊ ဆေးတိုက်မှုများကို ပိတ်ပင်ထားသောကြောင့် ရှိရင်းစွဲဆိုးရွားလှသည့် ပြည်သူ့ကျန်းမာရေး အခြေအနေကို ပို၍ဆိုးရွားစေကြောင်း သက်ဆိုင်ရာအာဏာပိုင်များက သတိပေးဖော်ပြထားသည်။



လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် စီးပွားဖြစ်တင်ပို့မှုများအတွက် ဂါဇာနယ်စပ်ဝင်ပေါက်အားလုံးကို မတ် ၂ ရက်ကတည်းက ပိတ်ထားခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။

ဆင်ဟွာ



# အချိန်တစ်လကျော် ကုန်ဆုံးခဲ့သည့်တိုင် ဂါဇာကမ်းမြောင်ဒေသသို့ မည်သည့်အကူအညီမျှ ဝင်ရောက်ခြင်းမရှိသေးဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြော

**ဂျီနီဗာ ဧပြီ ၉**

အချိန်တစ်လကျော် ကုန်ဆုံးခဲ့သည့်တိုင် ဂါဇာကမ်းမြောင်ဒေသသို့ မည်သည့်အကူအညီမျှ ဝင်ရောက်ခြင်းမရှိသေးဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်စ်က ပြောကြားလိုက်သည်။

ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီပစ္စည်းများပေးပို့ခြင်းကို အစ္စရေးတို့ဖြတ်တောက်ခဲ့သည်မှာ တစ်လကျော်ခဲ့ပြီဖြစ်ကြောင်း ဂူတားရက်စ်က ဧပြီ ၈ ရက်တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။

ဟားမားစ်တို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရှေ့ဆက်ရန် ဆွေးနွေးမှုများနှောင့်နှေးကြန့်ကြာနေချိန်တွင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသတွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့သည်။ ဂူတားရက်စ်က ဂါဇာအခြေအနေကို "စားရေရိက္ခာမရှိ၊ လောင်စာဆီမရှိ၊ ဆေးဝါးမရှိ" ဟု ဆိုကာ ပြောကြားခဲ့သည်။

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လျင်မြန်စွာခွင့်ပြုပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အစ္စရေးကို အလေးအနက် တိုက်တွန်းပြောကြားထားသည်။

အင်န်အိတ်ချ်ကေ

# တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေးပြည်နယ်ရှိ ဘိုးဘွားရိပ်သာ မီးလောင်မှုဖြစ်ပွား၊ လူ ၂၀ သေဆုံး

**ဟူဘေး ဧပြီ ၉**

တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေးပြည်နယ်ရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၂၀ သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဧပြီ ၉ ရက်တွင် ပြောကြားလိုက်သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါအဆောက်အအုံ၌ သက်ကြီးဘိုးဘွား ၃၉ ဦး နေထိုင်လျက်ရှိသည်။ မီးလောင်မှုသည် ဧပြီ ၈ ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကို ည ၁၁ နာရီခန့်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဧပြီ ၉ ရက် ညနေ ၉ နာရီအထိ စုစုပေါင်းသေဆုံးသူ ၂၀ ခန့် ရှိလာခဲ့ပြီး အခြား ၁၉ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ဘိုးဘွားရိပ်သာ တာဝန်ရှိသူအား ရဲများက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။



ဆင်ဟွာ

# ယီမင်ဆိပ်ကမ်းမြို့တော်ကို အမေရိကန်တို့ လေကြောင်းတိုက်ခိုက်၊ သေဆုံးသူ ရှစ်ဦးရှိလာ

**ဆာနား ဧပြီ ၉**

ယီမင်ဆိပ်ကမ်းမြို့တော် ဟိုဒေးဒါး၌ အမေရိကန်လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် သေဆုံးသူဦးရေမှာ ရှစ်ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ဒေသကျန်းမာရေးအာဏာပိုင်များက ဧပြီ ၉ ရက်တွင် ပြောကြားလိုက်သည်။

သေဆုံးသူအများစုမှာ ကလေးများနှင့် အမျိုးသမီးများဖြစ်ကြောင်း ဒေသကျန်းမာရေးအာဏာပိုင်များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်တို့၏ အဓိကပစ်မှတ်များမှာ အမ်ရန်နှင့် အစ်ဘ်ဒေသများရှိ တယ်လီဖုန်းကွန်ရက် အဆောက်အအုံများဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ဧပြီ ၆ ရက် ညပိုင်း အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုတွင်လည်း ဆာနားရှိ အိမ်တစ်လုံး ကို ထိမှန်ခဲ့ကာ ကလေးလေးဦး သေဆုံးခဲ့ကာ ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအနီးရှိ အဆောက်အအုံများလည်း ပျက်စီးခဲ့သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ မိုးကြိုးပစ်မှုကြောင့် ရှစ်ဦးခန့်သေဆုံး

**နယူးဒေလီ ဧပြီ ၉**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် လျှပ်စီးလက်ပြီး မိုးကြိုးပစ်ခတ်ခြင်းများကြောင့် ရှစ်ဦးခန့်သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာနဖြစ်သည့် အောအိန္ဒိယရေဒီယိုက ဧပြီ ၉ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးကြိုးမုန်တိုင်းများကြောင့် လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်းနှင့် ဒေသအတော်များများတွင် ထိခိုက်ခဲ့ကြောင်း သိရသည်။

မိုးကြိုးပစ်ချိန်တွင် မိုးကြိုးထိမှန်သေဆုံးသူများသည် လယ်ကွင်းများထဲတွင် အလုပ်လုပ်ကိုင်လျက်ရှိသူများဖြစ်ကြောင်း သိရသည်။ ဘီဟာတွင် လူရှစ်ဦးခန့်သေဆုံးခဲ့ကြောင်း တခြားသူအမြောက်အမြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE - MYEBMMMY**
- **Beneficiary Name- Natural Disaster Management Fund**
- **Beneficiary A/C No-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်၊ တိုက်ခန်းများကြည့်ရှုပြီး ယာယီရွှေ့ပြောင်းနေထိုင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များ၊ တိုက်ခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ယာယီရွှေ့ပြောင်းနေထိုင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍အားပေးစကားများပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းများ၏ အိမ်ရာ၊ အဆောင်၊ တိုက်ခန်းများကို သွားရောက်စစ်ဆေးရာတွင် အောင်မြေသာစံမြို့နယ်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အရှေ့ပြင်ဝန်ထမ်းအိမ်ရာစခန်း၊ ပုသိမ်ကြီးမြို့နယ်ရှိ အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနရုံး၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် (၃၃-၂) တို့ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ အိမ်ရာ၊ အဆောင်၊ တိုက်ခန်းနေရာများသို့ရောက်ရှိစဉ် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုလုံးဝပျက်စီးအဆောက်အအုံများ၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှုနှင့် အနည်းငယ်ပျက်စီးမှုအခြေအနေများ၊ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာရုံးများ ပုံမှန်အတိုင်းအမြန်ဆုံးလည်ပတ်နိုင်ရေး၊ အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများနှင့် ပတ်သက်ကျွမ်းကျင်ပညာရှင်များပါသော နည်းပညာစိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းများနှင့် ပြန်လည်ပြုပြင်ခြင်းများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးပြောကြားခဲ့ပြီး ယာယီပြောင်းရွှေ့နေထိုင်နေကြရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်နေမှုများနှင့် တစ်ကိုယ်ရေကျန်းမာရေးကို အထူးဂရုစိုက်ပြီး နေထိုင်သွားရေးတို့ကို ပြောကြားပြီး လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။



ထို့နောက် အောင်တံခွန်ဈေးတွင် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိလမ်း ၃၀ နှင့် ၃၁လမ်းကြား၊ ၇၂ လမ်းနှင့်၇၃ လမ်းကြား (ယခင်မင်္ဂလာဈေးနေရာ) တွင် အခြေပြုကာ ထိုင်းနိုင်ငံမှ ကူညီရှာဖွေကယ်ဆယ်မှု အထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအထောက်အကူပြုအဖွဲ့တို့မှ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်နေမှုများကို လည်းကောင်း၊ ဗထူးအားကစားကွင်းတွင်အခြေပြုကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မစ္စတာချိန်ဖိတ် ဦးဆောင်သော ကြယ်ကျောင်းပြည်နယ်ကြက်ခြေနီအဖွဲ့မှ ယာယီဖွင့်လှစ်ထားသည့် အဆောက်အအုံများတွင် ပျက်စီးဆုံးရှုံးမှုများကြောင့် နေထိုင်ရန် အခက်အခဲရှိသူများအား နေရာချထားပေးမှုအခြေအနေများကိုလည်းကောင်း၊ စင်ကာပူနိုင်ငံ အရေးပေါ်ဆေးကုသရေးအသင်းမှ အခမဲ့အရေးပေါ် ယာယီဆေးကုသရေးစခန်းဖွင့်လှစ်၍ ဆေးကုသပေးနေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ၁၁ ထပ်ရှိ Sky Villa အဆောက်အအုံအား ဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် အေးရှားဝေါလ်ဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးရန် ရောက်ရှိလာသည့် (၂၂၀ တန်) ကရိန်းယန္တရားယာဉ်ဖြင့် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့် အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရာဂီမုန်တိုင်းမတိုင်မီ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် သွင်းအားစုဖိုးလိုအပ်ငွေ ၂၅ ရာခိုင်နှုန်း ချီးမြှင့်ပေးအပ်

ဘားအံ မေ ၉

**ရာဂီမုန်တိုင်းမတိုင်မီကာလ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မိုးစပါးစိုက်ဧက ၁၃၁၄၆ ဧကအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သွင်းအားစုဖိုးလိုအပ်ငွေ၏ ၂၅ ရာခိုင်နှုန်း ချီးမြှင့်ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။**




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယမန်နှစ် ဇူလိုင်လ တတိယပတ်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး မိုးစပါးစိုက်ဧက ၃၂၃၅၄ ဧက နစ်မြုပ်၍ ရေပြန်ကျချိန်တွင် ၁၃၁၄၆ ဧက ပျက်စီးခဲ့သော်လည်း မိုးစပါးများကို ဧကပြည့် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပြန်လည်စိုက်ပျိုးဧကများအတွက် သွင်းအားစုဖိုးလိုအပ်ငွေ တစ်ဧက နှစ်သိန်းကျပ်၏ ၂၅ ရာခိုင်နှုန်း တစ်နည်းအားဖြင့် တစ်ဧက ၅၀၀၀၀ နှုန်းဖြင့် ချီးမြှင့် ပေးအပ်သွားမည်ဖြစ်ပြီး တောင်သူများအနေဖြင့် သီးနှံအထွက်တိုးရေး၊ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် လယ်ယာကဏ္ဍ တိုးတက် မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြည်နယ်အတွင်း ရာဂီမုန်တိုင်း မတိုင်မီကာလ ရေကြီးနစ်မြုပ်ခဲ့ပြီး ပြန်လည်စိုက်ပျိုးခဲ့သည့် မြို့နယ် ငါးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၆၇ အုပ်စုမှ တောင်သူ ၇၈၀၇ ဦး၏ မိုးစပါးစိုက်ဧက ၁၃၁၄၆ ဧကအတွက် သွင်းအားစုဖိုး လိုအပ်ငွေ ၂၅ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၆၅၇ ဒသမ ၃၀၀ သန်းကို ချီးမြှင့်ပေးအပ်ကြရာ တောင်သူ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသော မြို့နယ်အသီးသီးမှ တောင်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား သွင်းအားစုဖိုး လိုအပ်ငွေ ၂၅ ရာခိုင်နှုန်းအား စနစ်တကျထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**



## ကြက်ဥ/ကြက်သားများ ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ငလျင်ဒဏ်ခံစားနေရသော ရုံးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ စားသုံးရန် သက်သာသောဈေးနှုန်းဖြင့် ကြက်ဥနှင့်ကြက်သားများအား မိသားစုဝင်များ နေထိုင်လျက်ရှိသော ကယ်ဆယ်ရေးစခန်းများတွင် မတ် ၃၁ ရက်မှ ယနေ့အထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ထန်းတပင် မေ ၉**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အင်အားပြင်းမြေငလျင် လှုပ်ခတ်ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၏စီစဉ်မှုဖြင့် ယနေ့ နံနက် ၈ နာရီခွဲက ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ခဲ့သည်။

**ဆေးကုသပေးခြင်းများ ဆောင်ရွက်**

အသိပညာပေး ဆောင်ရွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ နေအိမ်များသို့ သွားရောက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်များအတွင်းရှိ ရေစည်၊ ရေကန်၊ ရေအိုးများ၊ ဘုရားပန်းအိုးများတွင် ဖုံး၊ သွန်း၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ပိုးလောက်လန်းများရှာဖွေခြင်း၊ ခြင်များ ပေါက်ပွားမှုမရှိစေရေး အဘိတ်ဆေးခတ်ခြင်း၊ ရေတွင်း ရေကန်နှင့်အဝီစိတွင်းများအတွင်းသို့ ကလိုရင်းဆေးခတ်ပေးခြင်း ရေသန့်ဆေးပြားဝေပေးခြင်းတို့ကို ဖြန့်ဝေပေးခဲ့ပြီးလိုအပ်သောဆေးကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၉

**၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**



ရတနာဆင်များရှင်စေတီတော်၌ ကယ်ဆယ်ရေးအဖွဲ့ ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဥမင်ကိုးဆယ်စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ၊ဟံသာဂီရိဘုန်းတော်ကြီး ကျောင်းတိုက်ကြီးနှင့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၊ စစ်ကိုင်းမြို့ ရိုင်တန်းရပ်ကွက်ရှိ RC CHURCH ကျောင်းနှင့် မင်းလမ်းရပ်ကွက်ရှိ မြို့တော်ဗလီ၊ မိုးကျဗလီ၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ပေါ်ရှိ နေအိမ်တိုက်တာများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများကလည်းကောင်း၊ စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၊ စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ သာသနိကအဆောက်အအုံများ၊ အရန်စေတီများ၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၊ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် စစ်ကိုင်းမြို့ သောတပန်းရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက်တို့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေ ဖြန့်ဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ အထွေထွေရောဂါကုဆေးရုံ (ခုတင်-၂၀၀) သို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသော ရဟန်းရှင်လူပြည်သူများအား တွေ့ဆုံအားပေးပြီး ဆေးရုံရှိတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သန့်ရှင်းရေးဆောင်ရွက်နေမှုကြည့်ရှု**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့သို့ရောက်ရှိနေသော အိန္ဒိယနိုင်ငံမှ Colonel RAKESH KADEKHAR ဦးဆောင်သော ဆောက်လုပ်ရေးအင်ဂျင်နီယာအဖွဲ့များအားသွားရောက်တွေ့ဆုံ၍ စစ်ကိုင်းတံတား(အင်း၀) ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော Sky Villa၊ မန္တလေးတောင်တော်ရှိ တန်ဆောင်းများ၊ အရန်စေတီများနှင့် ခတ်လှေကားနေရာများ၊ စန္ဒမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ အတုမရှိရွှေကျောင်းနှင့် မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နေရာများနှင့် မြို့တွင်းလမ်းမကြီးများသို့ လည်းကောင်း သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရာဘုရားကြီး၊ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ် တပ်မတော်စည်သွတ်စက်ရုံ၊ နန်းမြို့ရိုးနေရာများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ရေငန်းဆည်ရေလှောင်တမံ၌ တပ်မတော်သားများ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို တွေ့ရစဉ်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောက်ဆည်မြို့၊ ရွှေသာလျောင်းတောင်ပေါ်စေတီ၊ ကျောက်သေတ္တာစေတီတောင်ပေါ်ရှိ ကျောက်သေတ္တာကြီး တည်ရှိမှုအခြေအနေ၊ ကြောင်ပန်းကုန်းအတွင်းရှိ သမိုင်းဝင်တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့မှ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတား၊ အဆောက်အအုံများ အမြန်ဆုံးပြန်လည်တည်ဆောက်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။

**ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်**

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိ မြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်အတွင်းရှိ ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဧပြီ ၉ ရက်တွင် ၁၁ ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည် ရောင်းချပေးကြောင်းသိရသည်။

**နေ့စဉ်ဆက်လက်ရောင်းချ**

မတ် ၃၀ ရက်မှ ဧပြီ ၉ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ နေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေး ဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ - Export Quality) ၇၈၇၅ အိတ်၊ ဆန် ငါး ပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၇၀၀၊ ဆီ ပိဿာ ၁၇၃၅၀၊ ဆား ၅၀ ကျပ်သားပါ အိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၃၂၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၉၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။



အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၃၁၇ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၀၊ ခေါက်ဆွဲခြောက် အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကား လေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) အိတ် ၂၀၀၊ စားအုန်းဆီ ၃၀၀၄ ပိဿာ၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ

**နေပြည်တော် ဧပြီ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

**အခမဲ့သယ်ဆောင်**

မန္တလေး(ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ဧရာဝတီမြစ်ကူး ကူးတို့ခရီးလမ်းတွင် ပို့ဆောင်ရေးအနေဖြင့် မတ် ၃၁ ရက်မှ ယနေ့အထိ မြစ်ကူးပို့ဆောင်ရေးကို ကုန်တင်ယာဉ် ၁၅၃၈ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၇၄၄ စီး တို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ယင်းယာဉ်များအနက် ကယ်ဆယ်ရေးပစ္စည်းတင် ကုန်တင်ယာဉ်သုံးစီး အခမဲ့သယ်ဆောင်ပေးခဲ့သည်။

နိုင်ငံတကာမှ လေယာဉ်များဖြင့် လာရောက်ပို့ဆောင်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့် ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များကို ရန်ကုန်အပြည်ပြည်ဆိုင်လေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ မတ် ၂၉ ရက်မှစတင်၍ ယနေ့အထိ စုစုပေါင်း လေယာဉ် ၁၀၄ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၉၆၆ ဒသမ ၈၄၉



တန် ရောက်ရှိပြီးဖြစ်သည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်များအတွက် သက်ဆိုင်ရာ လေဆိပ်အလိုက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် အခမဲ့ဝန်ဆောင်မှုပေးလျက် ရှိသည်။

**အဆင်ပြေချောမွေ့စွာသွားလာလျက်ရှိ**

ပြည်တွင်းလေယာဉ်ခရီးစဉ်များကို ဧပြီ ၄ ရက်မှစ၍ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဧပြီ ၅ ရက်မှစ၍ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မဂ်လာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ လေယာဉ်ခရီးစဉ် စုစုပေါင်း ၈၃ ခေါက် ပြေးဆွဲပေးနိုင်ခဲ့သည့်အတွက် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရသည်။

ရထားပို့ဆောင်ရေးကဏ္ဍတွင်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီးသည့် ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းနေရာအချို့အား ပြုပြင်ပြီးစီးပြီဖြစ်၍ ယခုအခါ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဧပြီ ၅ ရက်မှစ၍ ရန်ကုန်-နေပြည်တော် လမ်းပိုင်း၌ အမှတ် ၇ အဆန်၊ ၈ အစုန် DEMU အမြန်ရထား ခရီးစဉ်များ၊ နေပြည်တော်-မန္တလေးလမ်းပိုင်း၌ အမှတ် ၂၇အဆန်၊ ၂၈ အစုန် လေအိတ်အမြန်ရထားခရီးစဉ်များနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်း တစ်ခုလုံး၌ အမှတ် ၁၁ အဆန်၊ ၁၂ အစုန် အမြန်ရထားခရီးစဉ်များကို နေ့စဉ်ပုံမှန်ပြေးဆွဲပေးနေပြီဖြစ်သည်။ ထို့ပြင် ကုန်ရထားခရီးစဉ်များကိုလည်း ပိုမိုတိုးချဲ့ပြေးဆွဲ၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာစေရေးအတွက် အထောက်အကူပြုဆောင်ရွက်လျက် ရှိသည်။ ထို့အတူ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန် - မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ကြံခင်း လမ်းပိုင်းတို့၌လည်း ပုံမှန်ရထားခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကျန်ရှိနေသည့်စခန်းများကို ဆက်လက်ပြုပြင်**

ဆက်သွယ်ရေးကဏ္ဍတွင် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများအတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၀၀ ကျော် ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ စခန်းပေါင်း ၆၀၀၀၊ ၉၀ ရာခိုင်နှုန်း ပြုပြင်ကောင်းမွန်ပြီဖြစ်၍ ကျန်ရှိနေသည့်စခန်းများကိုလည်း ဆက်လက်ပြုပြင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် INDIA AIR FORCE မှ ထောက်ပံ့ပစ္စည်းများ ရောက်ရှိ



**မန္တလေး ဧပြီ ၉**

မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံးအစီအစဉ်ဖြင့် အိန္ဒိယတပ်မတော် ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် COL RAKESH KHATKAR ပါ ၁၁ ဦးတို့နှင့် ငလျင်ဘေးသင့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ရေးပစ္စည်း ၂၉ ဒသမ ၂၅ တန်တင်ဆောင်၍ အိန္ဒိယနိုင်ငံ GHAZIABAD HINDAN လေဆိပ်မှ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့တွင် ရောက်ရှိသည်။

**သယ်ဆောင်ရောက်ရှိ**

အဆိုပါ လေယာဉ်ဖြင့် 5KVA မီးစက် သုံးလုံး၊ရေသန့်စက် ခုနစ်လုံး၊ ဆန်အိတ် ၈၅ အိတ်၊ ဆေး၊ ရေသန့်ဘူးကြီး ၂၀ လီတာဘူး ၂၀၀၊ ခေါက်ဆွဲခြောက်၊ Special EQPT ၁၇ ခု၊ အာလူး၊ ကြက်သွန်၊ ဂေါ်ဖီ၊ ဂျုံမှုန့် စုစုပေါင်း ၂၉ ဒသမ ၂၅ တန်တို့အား သယ်ဆောင်ရောက်ရှိလာခဲ့ရာ အဆိုပါပစ္စည်းများအား အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းဦးစီးမှူး ဗိုလ်မှူးကြီး ကျော်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသက်လှိုင်ထွန်းတို့က လက်ခံဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၉ ရက်အထိ သေဆုံးသူ ၃၅၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၅ ဦးနှင့် ပျောက်ဆုံးသူ ၁၄၅ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၉ ရက်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှ လေယာဉ်စင်းရေ ခုနစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၃၅၉ ဒသမ ၀၆၇ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**



## စစ်ကိုင်း၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သောက်သုံးရေများနှင့် တာပေါ်လင်စများပေးဝေ

**ရန်ကုန် ဧပြီ ၉**

ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သောဒေသများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူမှုကရုဏာအကူအညီများ ပေးလျက်ရှိရာ ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်များနှင့် တိုက်ဝါကြီးကျောင်းတိုက်၊ သက်တော်ရှည် ကျောင်းတိုက်၊ ရွှေတောင်ဦးကျောင်းတိုက်တို့တွင် သန့်ရှင်းသော သောက်ရေ လီတာ ၆၅၀၀ နှင့် သုံးရေလီတာ ၁၀၈၀၀၀ တို့ကို ပေးဝေခဲ့ပြီး စစ်ကိုင်းမြို့နယ် မင်းလမ်းတွင် ငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စု ၁၂၂ စုအတွက် တာပေါ်လင်စများ၊ အမျိုးသမီး တစ်ကိုယ်ရေသုံး ပစ္စည်းများနှင့် 100plus အအေးဘူး စသည်တို့ကို ပေးဝေခဲ့သည်။ **သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ မြဝတီမြို့-ရွှေကုက္ကိုလ် KK Park နယ်မြေသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေသည့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

**စာရင်းကောက်ယူ**

ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်နှင်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ထပ်မံစစ်ဆေး ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**လွှဲပြောင်းပေးရန်အသင့်ဖြစ်**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၄၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၂၃၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း နှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

**စစ်ဆေးဖော်ထုတ်ထိန်းသိမ်း**

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၇၄၀ သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီယား၊



ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ နမီးဘီးယား၊ ရိုမေးနီးယား၊ ရုရှား၊ ကာဂျစ္စတန်၊ မာဒါဂတ်စကား၊ လိုက်ဘေးရီးယား၊ ဖိလစ်ပိုင်နှင့် တရုတ် (တိုင်ပေ) တို့မှ နိုင်ငံသားများ ဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း၊ အဆင့်မြင့်ဈေးမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၄၆၄ တန်၊ အခြားသစ် ၈ ဒသမ ၁၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၇၇၄၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၃၇၇၄၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ**

ထို့အပြင် ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကံမမြို့နယ် သာဇီရွာလမ်းဆုံ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ကံမမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီဂါလန် ၁၆၀၊ ဒီဇယ်ဆီဂါလန် ၆၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၀၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် မော်တော်ဆိုင်ကယ် ငါးစီးနှင့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၅၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၈၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၈ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘို-မြစ်ကြီးနားသွား ပြည်ထောင်စုလမ်းမကြီး၊ မြိုင်သီတာကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Noah မော်တော်ယာဉ် တစ်စီးနှင့် Voxy မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့ ထေးသမရပ်ကွက်၌ လိုင်စင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ**

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းထိပ်ရှိ ဒေသငါးဖမ်းလှေဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန် ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း၊ ကေတုမာလာမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ် ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၆၁၇၇၄၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် မတ်လအတွင်း (၁၆-၃-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိ သောအမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလ ဖာဒိုင် အောက် ဆိုက်</th><th>နိုက်ထရို ဂျင်ဒိုင် အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်း မွန်</td><td>–</td><td>ကောင်း မွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဒဂုံမြို့နယ်</td><td>လက်ခံ နိုင်သော</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်း မွန်</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင် သော</td></tr>
<tr><td></td><td>၄</td><td>ဆူးလေ၊ ပန်းဘဲတန်း မြို့နယ်</td><td>လက်ခံ နိုင်သော</td><td colspan="5">–</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်</td><td>ကျန်းမာရေး ကို ထိခိုက် စေနိုင်သော အဆင့်</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဆည်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေး ကို ထိခိုက် စေနိုင်သော အဆင့်</td><td>လက်ခံ နိုင်သော</td><td colspan="2">ကောင်းမွန်</td><td>ခံနိုင် ရည် နည်းပါး သူများ သာ ထိခိုက် နိုင်</td><td>ကောင်း မွန်</td></tr>
<tr><td></td><td>၄</td><td>မိတ္ထီလာမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်း မွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်း မွန်</td><td>–</td><td>ကောင်း မွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့်</td><td colspan="5">–</td></tr>
<tr><td></td><td>၃</td><td>ကျိုင်းတုံမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့်</td><td colspan="5">–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်း မွန်</td><td>–</td><td>ကောင်း မွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်များနှင့်တံတားများအား ကြည့်ရှုစစ်ဆေး

လယ်ဝေး မေ ၉

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခဲ့သော မြေငလျင်ကြီးဒဏ်ကြောင့်ပျက်စီးခဲ့သည့် ကျောင်းဆောင်နှင့် လမ်းတံတားများကို မေ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးနီဦးခဲ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ဌာနဆိုင်ရာများနှင့်အတူ စံဝါအောင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း၊ နှစ်ထပ်ကျောင်းဆောင်ပြိုကျပျက်စီးမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဖွင့်ချိန်အမီ ယာယီကျောင်းဆောင်များ ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့်လိုအပ်သည့် စာသင်ခန်းအရေအတွက် အမြန်ဆုံးစိစစ်တင်ပြရန် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ ကြောင်ရေကျေးရွာအနီးမှ ၂၉ ပေx ပေ ၂၀ တံတား ထိခိုက်ပျက်စီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်မှလက်ထောက်အင်ဂျင်နီယာ ဒေါ်အေးမြင့်ခိုင်က တံတား၏ကြံ့ခိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က တစ်တန်အထက် မော်တော်ယာဉ်များ မဖြတ်သန်းစေရေး လမ်းညွှန်အမှတ်အသားအား စနစ်တကျ စိုက်ထူသွားရန်၊ တံတားစစ်ဆေးရေးအဖွဲ့သို့ အမြန်စစ်ဆေးပြီး ဖြတ်သန်းခွင့်ပြုနိုင်ရေး အမြန်ဆောင်ရွက်ရန် မှာကြားသည်။

နေပြည်တော်ကောင်စီဝင်သည် မေ ၈ ရက် မွန်းလွဲပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့ ရွှေအင်တောင်မဟာစည်သာသနာ့ရိပ်သာသို့ရောက်ရှိပြီး ရွှေအင်တောင်ကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ငလျင်ဘေးဒဏ်ကြောင့် ရွှေအင်တောင်မဟာစည်သာသနာ့ရိပ်သာတွင် ယာယီနေထိုင်ကြသည့် ဝန်ကြီးဌာနများမှ အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၃၀၀ ကျော်အား စားသောက်ဖွယ်ရာများ၊ ရေသန့်များပေးအပ်ကာ အားပေးစကားပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ ချမ်းမြေ့ရိပ်သာကျောင်းသို့ ရောက်ရှိပြီး ဆရာတော်ထံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ငလျင်ဘေးဒဏ်ကြောင့် ယာယီနေထိုင်ကြသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းအိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၅၇ ဦးအတွက် ရေသန့်နှင့်စားသောက်ဖွယ်ရာများပေးအပ်၍ **(အပေါ်ပုံ)** အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



ရန်ကုန် မေ ၉

မြန်မာ-မူစလင်စီးပွားရေး လုပ်ငန်းရှင်များအသင်း(ယာယီ)မှ ဦးကိုကိုလတ် ဦးဆောင်သောအဖွဲ့သည် မေ ၇ ရက်နှင့် ၈ ရက်တို့တွင် ငလျင်ဘေးဒဏ်သင့်ခံရသော နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရပ်ကွက်နေပြည်သူများအား ဆန်၊ ဆီ၊ ရွက်ဖျင်တဲ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ဖျာ၊ နှာခေါင်းစည်း၊ ခြင်ထောင်၊ Surgical Gowns၊ ဂျပန်မိုးကာ၊ Apron(ဆေးရုံသုံး)၊ ရော်ဘာလက်အိတ် စုစုပေါင်းပစ္စည်းတန်ဖိုးငွေကျပ် သိန်း ၁၃၀၀ နှင့် အလှူငွေကျပ်သိန်း ၃၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဇာထိုးပန်းထိုးနည်း သင်တန်းဖွင့်လှစ်

ကျိုက်ထို မေ ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဇာထိုးပန်းထိုးနည်းသင်တန်းကို ယမန်နေ့က မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

ဦးစွာ ကျိုက်ထိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က နွေရာသီကျောင်းပိတ်ရက်အားလပ်ရက်တွင် အမျိုးသမီးငယ်များအားအချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ လက်မှုအတတ်ပညာများကို တတ်မြောက်စေရန်၊ စွမ်းရည်ပြည့်ဝသော နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရပ်/သံကျွမ်းကျင်(၃)ဒေါ်နီလာအောင်က ဇာထိုးပန်းထိုးတတ်မြောက်ခြင်းမှ ရရှိသော အကျိုးကျေးဇူးကိုပြောကြားပြီး အခြေခံဇာထိုးပန်းထိုးနည်းမှ အပ်ပြန်ထိုးနည်း၊ သံကွင်းဆက်ထိုးနည်း၊ မုန့်ကြိုးလိမ်ထိုးနည်း၊ ကြက်ခြေခတ်ထိုးနည်း၊ ပုရစ်ဖူးထိုးနည်း၊ ကိုင်းထိုးနည်း၊ ဝတ်ဆံထိုးနည်း၊ သစ်ရွက်ထိုးနည်း၊ ပန်းပွင့်ထိုးနည်းတို့ကို လက်တွေ့သင်ကြား ပြသပေးပြီး အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက် သင်ယူကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# မော်လမြိုင်မြို့ ဆိပ်ကမ်းသာတံတား၌ ငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် မေ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ငါးလွှတ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဆိပ်ကမ်းသာတံတား၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးတိုးဝင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ တက်ရောက်ကြပြီး ရွှေဝါငါးကြင်းနှစ်လက်မအထက် အကောင်ရေ ၅၀၀၀ ကို သံလွင်မြစ်အတွင်းသို့ ကုသိုလ်ပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



# ဒလမြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

ဒလ မေ ၉

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စုပေါင်းကာကွယ် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု အန္တရာယ်အကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




ဦးစွာ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုကိုဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုကြောင့် ခံစားရနိုင်သောရောဂါများ၊ ဆိုးကျိုးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာနည်းလမ်းများအကြောင်း အသိပညာပေးမေးခွန်းများကို ဆွေးနွေးမေးမြန်းသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မီမီလင်းက မီးခိုးမြူငွေ့ဖြစ်ပေါ်လာရသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုကြောင့် ခံစားရသောရောဂါများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း စသည့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ဝန်ထမ်းများအား မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ခင်စန္ဒာမြင့် (ပြန်/ဆက်)**




ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မေ ၈ ရက်က မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ဧည့်ရိပ်သာများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ





အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ်၊ မတ်လအတွင်း စခန်း ၁၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၁၃ စခန်းအနက် ၁၂ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မန္တလေး(ချမ်းမြသာစည်)စခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိ ခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းမြသာစည်) | ၆.၄ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၂ |
| ၅ | မိုင်းဆတ် | ၆.၈ |
| ၆ | ကျိုင်းတုံ | ၆.၇ |
| ၇ | ပြင်ဦးလွင် | ၆.၇ |
| ၈ | မော်လမြိုင် | ၆.၇ |
| ၉ | ဘီးလင်း | ၆.၈ |
| ၁၀ | ကော့ကရိတ် | ၇.၁ |
| ၁၁ | ထားဝယ် | ၆.၇ |
| ၁၂ | မြိတ် | ၆.၉ |
| ၁၃ | ကော့သောင်း | ၆.၈ |

## လျှင်ဘေးသင့်ပြည်သူများကို ပံ့ပိုးကူညီနေသည့်AMAID အဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ဘေးသင့်ပြည်သူများကို ပံ့ပိုးကူညီရေး လုပ်ငန်းများဆောင်ရွက်ပေးနေသည့် AMAID အဖွဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ပါဝင်လှူဒါန်း ကူညီပေးနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကန်ရိပ်သာလမ်းရှိ Esperado Lake Hotel ၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာကြသူများက ငလျင်ဘေးသင့် မိဘညီအစ်ကိုမောင်နှမ မိသားစုများအတွက် ညှိုးငယ်သော စိတ်နှလုံးသားများဖြင့် တစ်မိနစ်ငြိမ်သက်လျက် ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ယင်းနောက် နာယကချုပ် ရွှေကမ္ဘာ ဦးမောင်မောင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးသို့ သွားရောက်ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ခဲ့သည့် ဦးခင်မောင်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ခဲ့သည့် ဦးလှဝင်းတို့က လှူဒါန်းခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။




ထို့နောက် နာယက ဦးအောင်ဇော်ဝင်း (ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဒုတိယဥက္ကဋ္ဌ)က ငလျင်ဘေးပံ့ပိုးကူညီမှုလုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ပါဝင်လှူဒါန်းကူညီပေးနိုင်အတွက် ရှင်းလင်းတင်ပြပြီး AMAID ဥက္ကဋ္ဌ ဦးခင်မောင်လွင်က ငလျင်ဘေး ရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များက ငလျင်ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများပေးအပ်ရာ AMAID အဖွဲ့နာယကများက လက်ခံပြီး ငွေကျပ် ၁၀၆၄၁ သိန်းရရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

**လယ်ဝေး ဧပြီ ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက သူဌေးကုန်းကျေးရွာနှင့် ဇောင်ချမ်းကုန်းကျေးရွာတို့၌ ပြုလုပ်သည်။

ဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက အဆိုပါ ကျေးရွာ နှစ်ရွာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



## ပန်းတောင်းမြို့နယ် သတင်းစာဆရာအသင်း ရွေးချယ်ဖွဲ့စည်း

**ပန်းတောင်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သတင်းစာဆရာအသင်း (ယာယီ) ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ပွဲကို မြို့နယ်စာရေးဆရာအသင်းရုံး အလက်ာခန်းမ ဥသျှစ်ပင်မြို့၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးအေးမင်းသိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ဝါရင့်သတင်းစာ ဆရာကြီး နှစ်ဦးအား နာယကအဖြစ် ရွေးချယ်တင်မြှောက်ကြပြီး ဦးအောင်မြင့် (အောင်မြင့်– ပန်းတောင်း) အား ဥက္ကဋ္ဌအဖြစ် ဆန္ဒပြုရွေးချယ်တင်မြှောက်ကာ အမှုဆောင်၁၅ ဦးဖြင့် အတည်ပြုဖွဲ့စည်း၍ အသင်းဝင်အဆိုပြုလွှာများ အား အသင်းနာယက ဦးမြင့်ဌေး (မြင့်ဌေး– ရွှေပင်မြေ) အား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**အောင်မြင့် (ပန်းတောင်း)**

GGI NIPPON LIFE အသက်အာမခံ

## “ငလျင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း”

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက် အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို ငလျင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုမှဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံ အကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ငလျင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံ ပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-400083003, 09-400083004, 09- 942587788, 09-664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**

GGI TOKIO MARINE GENERAL INSURANCE

## ငလျင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထိုမျှ ပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးချုံးပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ်အာမခံထားသူများအား ငလျင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် “GGI Tokio Marine General Insurance Company”၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-883002446,09-883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**GGI Tokio Marine General Insurance Co., Ltd.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃ခ၊ မြေမြင့်ရပ်)၊ ဦးပိုင်အမှတ်(၆၄-တ)၊ မြေဧရိယာ ၀ ဒသမ ၁၁၈ ဧကရှိ မြေကွက်သည် မူလက ဗိုလ်မှူးကြီးတင်စိုး အမည်ဖြင့် ၉-၉-၂၀၁၂ ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဗိုလ်မှူးကြီး တင်စိုး ထံမှ ဦးဖြိုးဇင်ဝေ ၊Daw LIM LAI MEE(a) MI MI THITတို့က ၁၂-၇-၂၀၁၆ ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၂၃၂/၂၀၁၆)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါဦးဖြိုးဇင်ဝေ ၁၂/ဗဟန (ပြု)၀၀၀၀၃၈ ၊ Daw LIM LAI MEE(a) MI MI THIT ၁/မကန(ပြု)၀၀၀၁၀၀ တို့အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၃၄-က၊ ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(အလုံလမ်း-၅၂)၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ ၁၃၉/၁၉၉၅- ၁၉၉၆ အရ ၂၈-၆-၁၉၉၅ မှ ၂၇-၆-၂၀၂၅ ရက်အထိ ဦးသန်း အမည်ဖြင့် နှစ်(၃၀)ရရှိထားသော မြေငှားစာချုပ်အား မြို့မြေအမှုတွဲအမှတ်၊ ၈၇ V ၂၀၁၀ အရ ဦးဝေဖြိုးအောင် အမည်သို့ ၅-၅-၂၀၁၁ ရက်မှစ၍ မူလသက်တမ်းအတိုင်း အမည်ပြောင်းပေး ခဲ့သော မြေငှားစာချုပ်ဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ ၂၇-၆- ၂၀၂၅ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ မြေငှားစာချုပ်အမည်ပြောင်းရရှိသူ ဦးဝေဖြိုးအောင်မှ မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်မျိုးလုံရပ်ကွက်၊ ပိတောက်လမ်း၊ မြေကွက်အမှတ်(၂၉၀)၊ အိမ်ဝိုင်းမြေကွက်အား ဦးထွန်းသိန်း ၈/မကန(နိုင်) ၀၁၄၂၈၀ အမည်ဖြင့် ငွေရပြေစာအမှတ်(၀၀၀၀၁၁၅)(၁၂-၁၀-၁၉၈၉) ရက်စွဲဖြင့် ငွေပေးသွင်း၍ တရားဝင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ နှစ်(၃၀) အငှားဂရန် လျှောက်ထားခြင်းလည်းမရှိခဲ့ပါ။

သို့သော်လည်း မကွေးမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံးတွင် (၁-က) စာရင်းဝင်နေပါသောကြောင့် တရားဝင်ပယ်ဖျက်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့်ပက်သက်၍ ကန့်ကွက်လိုသူများ၊ နှစ်(၃၀)ဂရန်လက်ဝယ်ရှိသူများ မည်သူမဆို(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အား (၁-က)စာရင်း ပယ်ဖျက်ရေးရုံးလုပ်ငန်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းသိန်း (ဘ) ဦးကြီးစိန်**
**၈/မကန(နိုင်)၀၁၄၂၈၀**
**F/S.59/ (၂၀)လမ်း**
**မြင်သာရပ်ကွက်၊ မကွေးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

မကွေးခရိုင်တရားရုံးတော်၌

၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ နှင့် ဆက်နွယ်သည့်

၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၈

| | | |
|---|---|---|
| ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(မကွေးဘဏ်ခွဲ) **(ဒီကရီအနိုင်ရသူ)** | **နှင့်** | ၁။ ဒေါ်သန်းသန်း ၂။ ဒေါ်ရီရီမြင့် **(တရားရှုံးများ)** |

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ်(၄၀၅)၊ (၁၇)လမ်း၊ ရန်မျိုးအောင်ရပ်ကွက်နေ (၁)ဒေါ်သန်းသန်း ၊ (၂)ဒေါ်ရီရီမြင့် (အတူနေတူမ) (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်(မကွေးဘဏ်ခွဲ) ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၉ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**ခရိုင်တရားသူကြီး**
**မကွေးခရိုင်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၃-အေ/မြန်မာနန်း အကွက်)၊ ဦးပိုင်အမှတ်(၅၉၅)၊ ဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ မြေကွက်သည် ဒု-ဗိုလ်မှူးကြီးစောဘသိန်း အမည်ဖြင့် (၃)နှစ် လိုင်စင်ရရှိခဲ့ပါသည်။ လိုင်စင်အမည်ပေါက်သူ ဒု-ဗိုလ်မှူးကြီးစောဘသိန်း (အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်နန်းဝင်းရွှေ)ထံမှ ဒေါ်ခင်သန္တာဦးက ၃-၂-၂၀၂၁ ရက်စွဲပါစာချုပ် အမှတ်(၁၈/၂၀၂၁)အရလည်းကောင်း၊ ဒေါ်ခင်သန္တာဦး ထံမှ ဦးကိုကိုက ၂၂-၇-၂၀၂၄ ရက်စွဲပါစာချုပ်အမှတ် (၅၄/၂၀၂၄)အရလည်း ကောင်း၊ ဦးကိုကိုထံမှ ဦးလီကွေဆန်က ၂၀-၈-၂၀၂၄ရက်စွဲပါစာချုပ်အမှတ် (၆၃/၂၀၂၄)အရလည်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးလီကွေဆန် ၁၃/လရန(နိုင်) ၁၉၃၃၇၂ အမည်ဖြင့် မြေငှားဂရန်ပြန်လည်လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၅/ဘုရင့်နောင်ဈေးအကွက်)၊ ဦးပိုင်အမှတ်( က/၂၅ / ၇၉ )၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် ဦးခင်မောင်မြင့် အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးခင်မောင်မြင့် (အထွေထွေကိုယ်စားလှယ်လွှဲစာအရ ဦးအောင်အောင်)ထံမှ ဒေါ်ခင်တင့်တင့်ကြည် ၁၃/ကခန(နိုင်) ၀၈၂၂၂၀ က ၁၁-၅-၂၀၀၂ ရက်စွဲပါစာချုပ်အမှတ်(၂၅/၂၀၂၃)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-001(25-26)CAP | Spare Parts for XJ-350 Rig (1) Lot | Ks |
| (၂) | DMP/L-002(25-26)CAP | Single Purpose Swivel (2) Sets | Ks |
| (၃) | DMP/L-003(25-26)CAP | Travelling Block with Hook (1) Set | Ks |
| (၄) | DMP/L-004(25-25)CAP | Mud Testing Equipment (1) Lot | Ks |
| (၅) | DMP/L-005(25-26)CAP | Mud Logging Unit (1) Lot | Ks |
| (၆) | DMP/L-006(25-26)CAP | 428 XL Link Cable and Accessories (1) Lot | Ks |
| (၇) | DMP/L-007(25-26)CAP | Spares for F-1600 Mud Pump (1) Lot | Ks |
| (၈) | DMP/L-008(25-26)CAP | Spares for 3 NB 1300 C Mud Pump (1) Lot | Ks |
| (၉) | DMP/L-009(25-26)CAP | Spare Parts for BJ Cementing Unit (1) Lot | Ks |
| (၁၀) | DMP/L-010(25-26)CAP | Assorted Kinds of Shaker Screen and Cyclone for Shaker Unit (1) Lot | Ks |
| (၁၁) | DMP/L-011(25-26)CAP | 10" ERW Steel Line Pipe (40,250) Meters | Ks |
| (၁၂) | DMP/L-012(25-26)CAP | Pipe Fitting for 10" Pipe Line (2) Items | Ks |
| (၁၃) | DMP/L-013(25-26)CAP | Heat Shrinkable Sleeve and Closure Patches for 10" LinePipe (2) Items | Ks |
| (၁၄) | DMP/L-014(25-26)CAP | Spares for Drive Group (5) Groups | Ks |
| (၁၅) | DMP/L-015(25-26) CAP | Spares for Caterpillar 3406 C Generating Set (1) Lot | Ks |
| (၁၆) | DMP/L-016(25-26)CAP | Spares for Caterpillar C 13 Engine (1) Lot | Ks |
| (၁၇) | DMP/L-017(25-26)CAP | 12 KV, 630 A VCB Switch Gear Panel Complete Set with Control & Power Bank (1) Set | Ks |
| (၁၈) | DMP/L-018(25-26)CAP | 3.3 KV, 1250 Amp Indoor VCB Panel Cmplete Set (1) Set | Ks |
| (၁၉) | DMP/L-019(25-26) CAP | 2900 Series Well Head and Christmas Tree Equipment (2) Sets | Ks |
| (၂၀) | DMP/L-020(25-26)CAP | 1000 KW Gas Engine Driven Generating Set (1) Set | Ks |
| (၂၁) | DMP/L-021(25-26)CAP | Spares for MTU Gas Engine Generating Set (1) Lot | Ks |
| (၂၂) | DMP/L-022(25-26)CAP | Spares for Caterpillar G 3516C Gas Engine Generating Set(1) Lot | Ks |
| (၂၃) | DMP/L-023(25-26)CAP | GM 6V 53 and GM 6V 71 Engine Assembly (2) Items | Ks |
| (၂၄) | DMP/L-024(25-26)CAP | Assorted Thickness of M.S Plate and Angle Iron (3) Groups | Ks |
| (၂၅) | DMP/L-025(25-26)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for Ywama Gas Distribution Station (1) Lot | Ks |
| (၂၆) | DMP/L026(25-26)CAP | Electronic Flow Measurement System Revamping, Services And Spare Parts for 24" Pipe Line Center (Daw Nyein)(1) Lot | Ks |
| (၂၇) | DMP/L-027(25-26)CAP | CNG Compressor Driven Electronic Motor Complete Set(1) Set | Ks |
| (၂၈) | DMP/L-028(25-26)CAP | 400-510 KW Gas Engine Generator Complete Set (1) Set | Ks |
| (၂၉) | DMP/L-029(25-26)CAP | Laboratory Equipment (1) Lot | Ks |
| (၃၀) | DMP/L-030(25-26) CAP | Spare Parts for SAFE Compressor (MP) (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၉-၄-၂၀၂၅** ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၉-၅-၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
ဖုန်း-၀၆၇-၄၁၁၂၀၆

## ၂၀၂၅ ခုနှစ် သင်္ကြန်နှစ်သစ်ကူးကာလများဖြစ်သည့် ၁၃-၄-၂၀၂၅ ရက်မှ ၁၇-၄-၂၀၂၅ရက်ကာလအတွင်း အောက်ဖော်ပြပါ CNG အရောင်းဆိုင်များမှ နံနက် (၀၆:၀၀)နာရီမှ ည (၁၉:၀၀)နာရီ အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

| | |
|---|---|
| ၁။ ဆိုင်အမှတ် (၀၀၁)၊ သမိုင်း - ၁ | ၁၃။ ဆိုင်အမှတ် (၀၁၆)၊ ကြည့်မြင်တိုင် |
| ၂။ ဆိုင်အမှတ် (၀၀၂)၊ အင်းစိန် | ၁၄။ ဆိုင်အမှတ် (၀၁၇)၊ တောင်ဥက္ကလာ - ၁ |
| ၃။ ဆိုင်အမှတ် (၀၀၃)၊ အလုံ - ၁ | ၁၅။ ဆိုင်အမှတ် (၀၁၈)၊ သန်လျင် - ၁ |
| ၄။ ဆိုင်အမှတ် (၀၀၄)၊ ကျိုက္ကလို့ | ၁၆။ ဆိုင်အမှတ် (၀၁၉)၊ စော်ဘွားကြီးကုန်း |
| ၅။ ဆိုင်အမှတ် (၀၀၅)၊ သာကေတ - ၁ | ၁၇။ ဆိုင်အမှတ် (၀၂၀)၊ မင်္ဂလာတောင်ညွန့် |
| ၆။ ဆိုင်အမှတ် (၀၀၆)၊ ဒဂုံမြို့သစ် | ၁၈။ ဆိုင်အမှတ် (၀၂၄)၊ ပါရမီ |
| ၇။ ဆိုင်အမှတ် (၀၀၇)၊ ဘုရင့်နောင် | ၁၉။ ဆိုင်အမှတ် (၀၂၆)၊ လှိုင်သာယာ - ၂ |
| ၈။ ဆိုင်အမှတ် (၀၀၈)၊ ပုလဲ | ၂၀။ ဆိုင်အမှတ် (၀၂၇)၊ ရွှေပြည်သာ - ၂ |
| ၉။ ဆိုင်အမှတ် (၀၀၉)၊ လှိုင်သာယာ - ၁ | ၂၁။ ဆိုင်အမှတ် (၀၂၈)၊ သုဝဏ္ဏ |
| ၁၀။ ဆိုင်အမှတ် (၀၁၂)၊ တညင်းကုန်း- ၁ | ၂၂။ ဆိုင်အမှတ် (၀၃၈)၊ မောင်းမကန် |
| ၁၁။ ဆိုင်အမှတ် (၀၁၃)၊ အလုံ-၂ | ၂၃။ ဆိုင်အမှတ် (၀၂၄)၊ ထောက်ကြန့် |
| ၁၂။ ဆိုင်အမှတ် (၀၁၅)၊ ဒဂုံအရှေ့- ၁ | |

## ၂၀၂၅ ခုနှစ် သင်္ကြန်နှစ်သစ်ကူးကာလများဖြစ်သည့် ၁၃-၄-၂၀၂၅ ရက်မှ ၁၇-၄-၂၀၂၅ရက်ကာလအတွင်း အောက်ဖော်ပြပါ CNG အရောင်းဆိုင်များအား ခေတ္တယာယီ အရောင်းပိတ်ထားမည်ဖြစ်ပြီး ၁၈-၄-၂၀၂၅ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ် ရောင်းချပေးသွားမည်ဖြစ်ကြောင်းအသိပေးကြေညာခြင်း

| | |
|---|---|
| ၁။ ဆိုင်အမှတ် (၀၁၁)၊ မြောက်ဥက္ကလာ- ၁ | ၁၀။ ဆိုင်အမှတ် (၀၃၂)၊ ရွာမ |
| ၂။ ဆိုင်အမှတ် (၀၁၄)၊ ရွှေပြည်သာ -၁ | ၁၁။ ဆိုင်အမှတ် (၀၃၃)၊ တညင်းကုန်း - ၂ |
| ၃။ ဆိုင်အမှတ် (၀၂၁)၊ ဒဂုံဆိပ်ကမ်း | ၁၂။ ဆိုင်အမှတ် (၀၃၄)၊ ကျိုက္ကဆံ |
| ၄။ ဆိုင်အမှတ် (၀၂၂)၊ သာကေတ - ၂ | ၁၃။ ဆိုင်အမှတ် (၀၃၅)၊ ဗိုလ်တထောင် |
## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8565 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၅၇/က)၊ ၀ ဒသမ ၉၉၃ဧက မြေကွက် တည်နေရာအမှတ် (၅၇/က)၊ ရွာမကျောင်းလမ်း၊ မောင်ကာစင် အမည်ပေါက် ဂရန်မြေအမည်ပေါက်မြေအား အမည်ပေါက်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၆၉၂/၂၀၀၈ (၁၁-၁၁-၂၀၀၈)ဖြင့် ဒေါ်တင်တင်အေး၊ ဒေါ်သန်းသန်းအေး၊ ဦးခင်မောင်၊ ဒေါ်တင်တင်လေး၊ ဒေါ်မိမိလေး၊ ဒေါ်အေးအေးစန်း၊ ဒေါ်ကြည်ကြည်သိန်းတို့အပေါ် အရောင်းပဋိညာဉ်ကို သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ(၁၂) အရ သီးခြားဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုတို့ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၉၁/၂၀၁၁ ဖြင့် တရားစွဲဆိုခဲ့ရာ ၆-၉-၂၀၁၁ ရက်တွင် ချမှတ်ခဲ့သည့် အနိုင်ဒီကရီအရ ဦးကာစီ(ခ)ဦးကာစင် အမည်ပေါက် ဂရန်မြေတွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားမကြီးမှုအမှတ်-၁၀၄၈/၂၀၁၀ အရ ဒီကရီချမှတ်ထားသော မြေကွက်အစိတ်အပိုင်းဖြစ်သည့် အလျားပေ၂၃၀၊ အနံ ပေ၁၀၀ မြေနှင့် ကပ်လျက် အလျား ၂၃၀ပေ၊ အနံ ပေ၇၀ရှိ မြေကွက်အားတရားပြိုင်များကတရားလိုသို့မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးရန် အဆိုပါ မြေကို လက်ရောက်ပေးအပ်ရန် အနိုင်ဒီကရီရရှိခဲ့ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၃၃၇/၂၀၁၁(၂၅-၃-၂၀၂၀)အရ ဘိလစ်ခန့်စာရရှိသူ ဒေါ်အေးမြတ်မိုး (ဘိလစ်) မှ အရောင်းအဝယ်မြေပုံကူးလျှောက်ထားခဲ့ပြီး ယခုအခါ ဘိလစ်ဒေါ်ခင်နှင်းရီမှ အရောင်းအဝယ်မြေပုံ ဆက်လက်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဒေါ်အေးအေးမေ ပါ(၂)ဦးက ရရှိခဲ့သည့် တရားရုံးအနိုင် ဒီကရီသည် လိမ်လည်လှည့်ဖျား၍ တစ်ဖက်သတ်ရရှိခဲ့သော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် ဦးသိန်းနိုင်ဦး ပါ(၇)ဦးက စွဲဆိုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၆၈/၂၀၁၂ကို မူလရုံးက ပလပ်ခဲ့ပြီးဖြစ်သော်လည်း တရားရှုံးများက အယူခံဝင်ရောက်ထားသည်ဆိုသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမပထမအယူခံမှုအမှတ်- ၆၃၅/၂၀၁၉ကို အမိန့်ချမှတ်ခဲ့ခြင်း ရှိ/မရှိ အမိန့် ချမှတ်ပြီးသည်ဆိုပါက တရားရုံး အထောက်အထား တာဝန်ခံမိတ္တူမှန်တင်ပြရန် ၁၀-၇-၂၀၂၄ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ရာ တရားရှုံး ဦးသိန်းနိုင် ပါ(၆)ဦးတို့ အယူခံဝင်ရောက်သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားမယူခံမှု အမှတ်-၆၃၅/၂၀၁၉ကို ၇-၇-၂၀၂၃ရက်က ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း စီရင်ချက် ဒီကရီ တာဝန်ခံမိတ္တူကို တရားလိုတင်ပြလာသော်လည်း တရားရုံးအမိန့်အရ ဦးသိန်းနိုင်ဦး ပါ(၆)ဦးတို့ စွဲဆိုသည့်အမှုအား ပလပ်ခဲ့သော်လည်း အယူခံတက်ရောက်ထားခြင်း ရှိ/မရှိနှင့် အယူခံတက်ရောက်ထားပါက တရားရုံး အထောက်အထား တာဝန်ခံမိတ္တူမှန်တင်ပြရန် (၁၀-၉-၂၀၂၄) ရက်စွဲပါစာဖြင့် ဒေါ်အေးအေးမေ ပါ(၂)ဦးနှင့် ဦးသိန်းနိုင်ဦး ပါ(၇)တို့ထံ အကြောင်းကြားခဲ့ရာ ဒေါ်အေးအေးမေ ပါ(၂)ဦးတို့က အဆိုပါအယူခံမှုအမှတ်- ၆၃၅/၂၀၁၉ ကို တရားရုံးက ၇-၇-၂၀၂၃ ရက်တွင် ပလပ်သည့်အမိန့် ချမှတ်ခဲ့ကြောင်း အထောက်အထား တာဝန်ခံမိတ္တူမှန်ကို တင်ပြလာပါသည်။ (ဦးသိန်းနိုင်ဦး ပါ(၇)ဦးမှ တင်ပြခြင်းမရှိပါ။) ထို့ကြောင့် မြေပေါ်တွင် နေထိုင်သူများဖြစ်ကြသည့် ဒေါ်ဆွေဆွေထွန်း ပါ(၁၂)ဦးတို့က ကန့်ကွက်ထားခြင်းနှင့် တရားမပထမ အယူခံမှုအမှတ်-၆၃၅/၂၀၁၉ တွင် ချမှတ်ခဲ့သည့် ပလပ်အမိန့်အပေါ် ထပ်မံအယူခံဝင်ရောက်ခြင်း ရှိ/မရှိ ဒေါ်အေးအေးမေ ပါ(၂) ဦးနှင့် ဦးသိန်းနိုင်ဦး ပါ (၇)ဦးတို့ထံ အကြောင်းကြားခဲ့ရာ ဦးသိန်းနိုင်ဦးပါ (၇)ဦးတို့က တင်ပြနိုင်ခြင်းမရှိဘဲ ဒေါ်အေးမေ ပါ(၂)ဦးက အယူခံတက်ရက်မှာ ကျော်လွန်သွားပြီဖြစ်ကြောင်း ၂၇-၉-၂၀၂၄ ရက်စွဲပါ ဝင်စာအမှတ်-၁၂၆၅၇/၂၀၂၄ ဖြင့် တင်ပြလာပါသဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်ပြင်ဆင်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အုပ်ရစ်ကုန်းကျေးရွာနေ (ဘ) ဦးမန်းဘုံဘန့်၏သား မောင်အောင်မြင့် ၁၄/ဟသတ(နိုင်)၁၂၅၀၁၂၏အမည်မှာ မောင်မျိုးမြင့်အောင် (ခ) မောင်အောင်မြင့် ဖြစ်နေပါ၍ အမည်မှန်မှာ မောင်အောင်မြင့် ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၄-၄-၂၀၂၅) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၀) ငြင်းချက်ထုတ်ရန် သမ္မန်စာ မရမ်းကုန်းမြို့နယ် တရားရုံးတော် ကြော်ငြာတွင် (၁၃၈၇-ခုနှစ်၊ တန်ခူးဆုတ် ၁၀ ရက်) အစား (၁၃၈၇-ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အများသိစေရန်**
**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ဘိုကလေးမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ (၁၈)လမ်း၊ အကွက်အမှတ် (၂၃/သရက်ချောင်းအရှေ့)၊ ဦးပိုင်အမှတ်(၃၁၉)၊ ဧရိယာ ၀ ဒသမ ၁၁၇ ဧကရှိ မြေကွက်အား ဦးသိန်းထွန်း ၁၄/ဘကလ(နိုင်)၁၃၈၄၇၅ ဒေါ်ခင်ဌေးဝင်း ၁၄/ဘကလ(နိုင်)၁၃၈၆၈၈ တို့ (၂)ဦး အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ဖျာပုံမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5888 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၄-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ကညန ဘားအံမြို့၏ ယာဉ်အမှတ် 83W/17896 မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း ကြော်ငြာတွင် မှတ်ပုံတင်အမှတ် ၄/ဘအန(နိုင်)၁၆၉၈၂၈ အစား ၃/ဘအန(နိုင်)၁၆၉၈၂၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်း (၁)ခု၊ အုတ်ခြံစည်းရိုး (၇)ခု၊ အကြီးစားပြင်ဆင်ခြင်း (၂)ခု၊ မီးငြိမ်းသတ်ရေးစက်ပစ္စည်းကိရိယာ(၁၁)ခု၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာ (၁)ခု၊ ရုံးသုံးစက်ပစ္စည်းကိရိယာ(၃)ခု၊ ရုံးသုံးပရိဘောဂ (၁)ခုနှင့် အခြားစက်ပစ္စည်း (၅)ခုတို့အား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် သိရှိလိုသည်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | (၂၂-၄-၂၀၂၅) ရက် |
| **တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက်** | - | (၉-၅-၂၀၂၅) ရက် |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | အမှတ်(၁၂၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး |

(တင်ဒါဖောင်ပြန်လည်တင်ရမည့်ရက်အား အကြောင်းကြားသွားပါမည်)

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**
**ဖုန်း-၀၉-၄၂၀၀၆၇၈၉၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## တောင်ကြီးမြို့နယ်တရားရုံးတော်။
## ၂၀၂၅- ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၄၉

ဒေါ်ဥမ္မာ နှင့် ဦးညီငယ်
( တရားလို ) ( တရားပြိုင် )

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၆)ရပ်ကွက်နေ ဦးညီငယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဥမ္မာက အိမ်မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅-ခုနှစ်၊ ဧပြီလ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်)၊ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ( ၄ )ရက်က တင်သွင်းရမည်။

၂၀၂၅-ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( သင်းသီရိဝင်း )
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄

ဒေါ်စိန်လှိုင် နှင့် တပ်ကြပ်ကြီးခင်ဇော်(ငြိမ်း)
**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ ၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၇)၊ အေးသာယာလမ်းမကြီး၊ အမှတ်(၄/၁၄၃)နေ တပ်ကြပ်ကြီးခင်ဇော်(ငြိမ်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိန်လှိုင်က "စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( စိုင်းအောင်မြင့်ဦး )
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

## ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ လဲလူးအိုင် ကျေးရွာအုပ်စုနေ မောင်ကျော်ရဲမောင် (ဘ)ဦးတင်ဝင်း ၉/ပမန(နိုင်)၂၇၀၇၂၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-322332 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၆၀၅၀၁၃

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ် (၄၃၄)၊ အကျယ်အဝန်း (၄၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနတို့တွင် အမှတ်စဉ်အမှတ်(၉၃၈)အရ ဦးအေးလွင်(၁၂/ရကန (နိုင်) ၀၁၃၇၁၇)၊( AB-၁၆၈၆၆၆)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြန်လည်ရောင်းချထားသည့် အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဝင်း(၈/ခမန(နိုင်) ၀၉၅၄၁၅)မှ အဆိုပါ မြေကွက်အား မိမိမှတရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေကဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)

ဒေါ်ညိုမာ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)
အခန်းအမှတ်(308)၊ Office Tower (3), Time City,
ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄။

## အမည်ပြောင်းနှင့် မိဘအမည်မှန်

အထက (ပူတာအို) Grade-11 တွင် ပညာသင်ကြားခဲ့သော မပစောင်းစတင်အား မအေးခိုင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် မိဘအမည်မှန်မှာ ဦးမောင်မောင်နှင့် ဒေါ်မအေးဖြစ်ပါကြောင်း။

## အမည်ပြောင်းနှင့် မိဘအမည်မှန်

အထက (ပူတာအို) Grade-10 တွင် ပညာသင်ကြားခဲ့သော မတာခဲအား မရင်ဝါဟု ပြောင်းလဲခေါ်ပါရန်နှင့် မိဘအမည်မှန်မှာ ဦးမောင်အေးနှင့် ဒေါ်ငင်းဝါ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/56213 ယာဉ်လက်ဝယ်ရှိသူ နော်သီရိထူး ၇/တငန (နိုင်)၁၅၉၉၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(တောင်ငူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၃၃၉၄, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိဖြူသက် ၆/မမန (နိုင်)၂၆၇၈၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၀၃၄, Honda C90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီမောင် ၆/ထဝန(နိုင်)၀၀၁၂၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## မတည်ငွေရင်း လျှော့ချကြောင်းကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ (၁၁၆) ပုဒ်မခွဲ (င) ပုဒ်မခွဲ (၂) အရ **KHIT THIT BAYINT NAUNG PUBLIC CO;LTD** ၏ မတည်ငွေရင်းလျှော့ချခြင်းကိစ္စနှင့် ပတ်သက်၍ (25-3-2025) ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာ(A,B,C) ဒါရိုက်တာအထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ရင်းနှီးငွေကျပ် 100,000/- တန် အစုရှယ်ယာ (77,850) စု မတည်ရင်းနှီးငွေကျပ် 7,785,000,000/- (ကျပ်ခုနစ်သောင်းခုနစ်ထောင်ရှစ်ရာငါးဆယ်သိန်းတိတိ) မှ အစုရှယ်ယာ 100,000/- တန် အစုရှယ်ယာ (77,765) စု ငွေကျပ် 7,776,500,000/- (ကျပ်ခုနစ်သောင်းခုနစ်ထောင်ခုနစ်ရာ ခြောက်ဆယ်ငါးသိန်းတိတိ) သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
KHIT THIT BAYINT NAUNG PUBLIC CO; LTD

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
### ထန်းတပင်မြို့နယ်တရားရုံး
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ဒေါ်လှလှရီ — နှင့် — ၁။ ကိုကျော်ရဲသူ
၂။ ဒေါ်တင်မူလှိုင်

တရားလို — တရားပြိုင်များ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ဇရပ်ကြီးကျေးရွာ၊မြို့သစ်ရပ်ကွက်နေ ကိုကျော်ရဲသူ(ဘ)ဦးဖြူမောင်နှင့် ဒေါ်တင်မူလှိုင်(ဘ) ဦးဇော်ဝင်း(ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ(၃၀၄)သိန်း ကျပ်တိတိရလိုမှုနှင့် ပတ်သက်၍ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၈ ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရိန်)
မြို့နယ်တရားသူကြီး
ထန်းတပင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၈ )၊ မြေကွက်အမှတ်( ၃/ဒီ.၁ )၊ ဧရိယာ( ၀.၀၃၅ )ဧက၊ အကျယ်အဝန်း( ၂၀ ပေ x ၇၆ ပေ ) ( ၁၅၂၀-စတုရန်းပေ )ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်( ၃၇၄ )၊ ပြည်သာယာလမ်း၊ ၈/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်တော် ဦးစိုးဝင်း မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး ၊ မိမိသည် အဆိုပါမြေကွက်၊ နေအိမ်အား မိမိ၏ညီမအရင်းဖြစ်သူ ဒေါ်မန်ချူလာ(ခ)ဒေါ်သင်းသင်းအေး (၁၂/သဃက (နိုင်) ၀၀၄၀၅၅) ထံသို့ အပိုးစားနားတစ်ပြားတစ်ချပ်မျှရယူခြင်းမပြုဘဲ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးစိုးဝင်း
၁၂/သဃက (နိုင်) ၁၃၂၂၆၅
အမှတ်( ၃၇၄/က )၊ ပြည်သာယာလမ်း၊ ၈/တောင်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/7202 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ လှော်ကားလမ်းမကျောကပ်လမ်း၊ အမှတ် (၃၁၇) တွင်တည်ရှိသော (ဦးတင်ဝင်း-ပါမစ်အမည်ပေါက်) အလျား (၆၀) ပေ x အနံ (၄၀) ပေ အကျယ်အဝန်းရှိမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိပိုင်ဆိုင်သူ ဒေါ်ညွှန့်ညွှန့်စိန် (၁၂/ဒဂတ(နိုင်)၁၄၁၅၅၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပန်ချာ (၁၂/ဒဂတ(နိုင်)၁၃၅၅၃၀) မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့်မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေမျိုးကြည် LLB, CBL, DBL, DIL
အထက်တန်းရှေ့နေ စဉ်-၃၃၂၈၆/၂၀၁၀
အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၉၉၄၇၇၆၇၁

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းအမှတ်(၄)၊ မြေကွက်အမှတ်(၁၁၂-စ)၊ မြေချိန်ဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေအား ဒေါ်မေရီညွှန့် မှ ခွဲစိတ်၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ မြေတိုင်းအမှတ်(၁၇-ါ)၊ မြို့တွင်းအရှေ့ရပ်၊ မြေကွက်အမှတ်(၁၆-က)၊ မြေချိန်ဧရိယာ(၀.၂၀၃)ကေရှိမြေအား ဦးဇော်ဝင်း၊ ဦးထွန်းအောင်ကျော်၊ ဒေါ်ခင်ထွေးမူ၊ ဦးကိုကိုနိုင်၊ ဦးကိုကိုပိုင်၊ ဒေါ်မိမိကြီး၊ ဒေါ်မိမိငယ်၊ ဒေါ်မေသကြီးန်တို့မှ မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် မိတ္တူမှန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၄/စက်မှုဇုန်၊ မြေကွက်အမှတ်၆၈၈၊ မြေကွက်တည်နေရာအမှတ်-၆၈၈၊ ရိုးမရိပ်သာလမ်း၊ ရွာသာကြီး အကြီးစားစက်မှုဇုန် ဦးမြတ်ဦး(၁၂/စခန(နိုင်)၀၂၀၇၀၆) နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးမြတ်ဦး(ဖခင်)သည် (၁၇-၃-၂၀၂၂) တွင် ဘန်ကောက်ဆေးရုံ၌ ကွယ်လွန်ခဲ့၍ သမီးဖြစ်သူ ဒေါ်သက်သက်မြတ်ဦးနှင့် ဒေါ်မြတ်ပွင့်ဖြူတို့က မြေအမည်ပေါက်(ဖခင်)ဦးမြတ်ဦးသည် ပထမ အိမ်ထောင်ဖြစ်သူ (မိခင်)ဒေါ်အေးအေးစိုးတို့သည် (၁၄-၁၁-၁၉၈၅)ရက်တွင် တရားဝင်ပေါင်းသင်းခဲ့၍ ၎င်းတို့(၂)ဦးအားမွေးဖွားခဲ့ပြီး (၅-၇-၁၉၉၉)တွင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြောင်း၊ ယင်းနောက် ဒုတိယဇနီးဖြစ်သူ ဒေါ်လှိုင်လှိုင်ဦးနှင့် (၂၀-၁၂-၂၀၀၀) တွင် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့၍ သမီးဖြစ်သူ ဒေါ်သက်သက်မြတ်ဦးနှင့် ဦးမောင်မောင်လွင်တို့က မွေးဖွားခဲ့သည့် (မြေး)တော်စပ်သူ မရွှေပန်းသီး (အရွယ်မရောက်သေးသူ)ကို အမွေစား အမွေခံကိတ္တိမ သမီးအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ်အမှတ်-၅၆၀၂/၂၀၀၉(၃-၈-၂၀၀၉) ဖြင့်တရားဝင်မွေးစားခဲ့ကြောင်း၊ ဖခင်ဖြစ်သူ ဦးမြတ်ဦး မကွယ်လွန်မီ ဒုတိယ ဇနီးဖြစ်သူ ဒေါ်လှိုင်လှိုင်ဦးနှင့် (၇-၁-၂၀၂၂)ရက်တွင် ကွာရှင်းခဲ့ကြောင်း၊ ဒေါ်လှိုင်လှိုင်ဦး မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှု အမှတ်-၁၀၀/၂၀၂၂(ယခင်)မရမ်းကုန်းခရိုင်တရားရုံး တရားမအထွေထွေ မှုအမှတ်-၉/၂၀၂၂ (ယခု)တွင် ဖခင်ကျန်ရှိသည့် အမွေပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာလျှောက်ထားခဲ့ရာ တရားရုံးက (၁၆-၁-၂၀၂၃) ရက်တွင် အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ခြင်းနှင့် ပတ်သက်၍ ပြန်လည်ပယ်ဖျက်ပေးရန် မရမ်းကုန်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၅၅/၂၀၂၃ဖြင့် လျှောက်ထားခဲ့ရာ ၎င်းအမွေထိန်းလက်မှတ်စာအား တရားရုံးက (၃၀-၁-၂၀၂၄) ရက်တွင် ပယ်ဖျက်မိန့် ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ မြေအမည်ပေါက် ဦးမြတ်ဦး၏ သမီးများဖြစ်သူ ဒေါ်သက်သက်မြတ်ဦးနှင့် ဒေါ်မြတ်ပွင့်ဖြူ တို့မှ တရားလိုပြုလုပ်၍ ဒေါ်လှိုင်လှိုင်ဦးနှင့် ကိတ္တိမမွေးစားသမီးဖြစ်သူ ဒေါ်ရွှေပန်းသီး တို့အပေါ် မရမ်းကုန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၉၅-၂၀၂၃ ဖြင့် ဖခင်ဖြစ်သူကျန်ရှိသည့် အမွေပုံပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ တရားပြိုင်များဖြစ်ကြသည့် ဒေါ်လှိုင်လှိုင်ဦးနှင့် မရွှေပန်းသီးတို့မှ ဝန်ခံချေလွှာများ တင်သွင်းခဲ့သဖြင့် တရားရုံးက (၁၉-၂-၂၀၂၄) ရက်တွင် စေ့စပ်ညှိနှိုင်းသဘောတူညီချက်နှင့်အညီ ဝန်ခံဒီကရီချမှတ်ပေးရန် လျှောက်ထားခြင်းအပေါ် အမိန့်ချမှတ်ပေးခဲ့သဖြင့် အဆိုပါ ဖခင် ဦးမြတ်ဦး အမည်ပေါက် မြေကွက်သည် ဒေါ်သက်သက်မြတ်ဦးနှင့် ဒေါ်မြတ်ပွင့်ဖြူတို့နှစ်ဦးက ရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့၍ အမွေဆက်ခံပိုင်ဆိုင်လာကြောင်းနှင့် မိခင်ဖြစ်သူ ဒေါ်အေးအေးစိုး မှာလည်း (၇-၁၁-၂၀၀၆)ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ကြောင်း၊ ၎င်းတို့ (၂)ဦးမှ အပအခြားအမွေဆက်ခံမည့်သူကျန်ရှိခြင်းမရှိကြောင်း ဒေါ်သက်သက်မြတ်ဦး (၁၂/စခန(နိုင်)၀၆၄၇၁၈)နှင့် ဒေါ်မြတ်ပွင့်ဖြူ (၁၂/စခန(နိုင်)၀၆၄၇၁၉)တို့၏ ကျမ်းကျိန်လွှာအမှတ်-၂၂၆၉/၂၀၂၄ (၁၀-၁၂-၂၀၂၄)ဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ မိခင်/ဖခင် သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ တရားမဇာရီအမှုအမှတ်- ၁၂၂/၂၀၂၄၏ နေ့စဉ်မှတ်တမ်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ RC အဆောက်အအုံရှိပြီး ကိုယ်တိုင်မနေ Baby Vita ကလေး အားတိုးဆေးလုပ်ငန်းရှိပြီး လျှောက်ထားသူမှ လုပ်ငန်းလုပ်ကိုင်ပြီး ကွင်းဆင်း သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်သက်သက်မြတ်ဦး+၁ တို့၏ ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### အင်းစိန်ခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

၁။ ဦးတူးမောင် — နှင့် — ၁။ ဦးကက်နက်အေဘယ်(လ်)
၂။ ဦးပြည့်ဖြိုးအောင် — ၂။ ဦးဒင်ဇယ်အေဘယ်လ်
၃။ ဒေါ်မီနာကူမာရီ — ၃။ ဦးဖရန့်အေဘယ်(လ်)
၄။ ဒေါ်ခင်သိန်းမူ

(တရားလိုများ) — (တရားပြိုင်များ)

အမှတ်(၇၈၇)၊ ဗိုလ်ဗလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)နေ (၁) ဦးကက်နက်အေဘယ်(လ်)၊ (၂) ဦးဒင်ဇယ်အေဘယ်လ်၊ (၃)ဦးဖရန့်အေဘယ်(လ်)၊ (၄)ဒေါ်ခင်သိန်းမူတို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို တရားဝင် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြညိမ်းအေး)
ဒုတိယခရိုင်တရားသူကြီး(၂)
အင်းစိန်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ်(၄၀၁)၊ မြေချိန်ဧရိယာ(၀.၀၅၅)ကေရှိ မြေအား ဒေါ်ညိုညိုမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၂၁၇)၊ မြေချိန်ဧရိယာ (၀.၀၆၂)ကေရှိ မြေအား ဦးအာဒူးချင်းနားမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့်ကြော်ငြာစာ
### (အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်(၃၄၁ᶜ)၊ ကြည်တောစားကျက်ကွင်း၊ ခြံမြေကွက်အမှတ်၊ (၂၃၃ᵏ, ၂၃၄ᵏ)၊ မြို့မြေဧရိယာ (၀.၁၁၀)ကေအား နော်အေးမြင့်ဦးမှ မြေငှားဂရန်အသစ် လျှောက်ထားကြောင်း ပြွန်တန်ဆာမြို့ မြို့မ(၁)ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်။

| | | |
|---|---|---|
| အရှေ့ဘက် | - | မြေကွက်အမှတ် ၇၈/၁၊ ၇၈/၂ |
| အနောက်ဘက် | - | မြေကွက်အမှတ် ၁ᵏ |
| တောင်ဘက် | - | လမ်းမြေ |
| မြောက်ဘက် | - | မြေကွက်အမှတ် ၂၃၅ᵏ |

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်းဖြစ်ပါသည်။

ယခုမြေကွက်ကိုအပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူမည်သူမဆိုအားသိစေလိုက်သည်မှာ အပိုင်ဂရန်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ၂၀၂၅ ခုနှစ် ဧပြီလ (၂၃) ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာများကို စာဖြင့်ရေးသားရမည်။ အထက်ဖော်ပြထားသည့်ရက်၏ နောက်ပိုင်းတွင် ပေးပို့သည့်ကန့်ကွက်လွှာများကိုလက်ခံလိမ့်မည်မဟုတ်။ အကယ်၍ (၂၃-၄-၂၀၂၅) ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို နော်အေးမြင့်ဦး အမည်ဖြင့် မြေငှားဂရန် (အသစ်) လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည်ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက် အမည်(ပန်းဆိုးတန်းရပ်)၊ ဦးပိုင်အမှတ်( ၆၀ᶜʰ)၊ ဧရိယာ (၀ဒသမ၁၄၄)အနက်မှ ဧရိယာ(၀ဒသမ၀၄၆)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်(၆၁ᶜ) |
| (ခ) | အနောက်လားသော် | - | လမ်း |
| (ဂ) | တောင်လားသော် | - | လမ်း |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်(၆၀ᶜʰ)၏ကျန်မြေ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးသူရဇော်၊ ဒေါ်ခင်ခင်သက်တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၉ ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးလှကြည်

**အသက် (၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ (ဦးဘိုးမြစ်-ဒေါ်ကြွေ)တို့၏သား၊ (ဦးစိန်ပ-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်ကျင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်နိုင်-ဒေါ်မေသီတာ၊ ဦးစံဝင်း-ဒေါ်ငွေငွေစန်း၊ ထိုင်ဝမ်နေ ဦးစိုးဝင်း-ဒေါ်မင်းမင်း၊ ဦးစစ်နောင်-ဒေါ်ယဉ်ယဉ်နွယ်၊ ဒေါ်ယဉ်ယဉ်ခိုင်(ခ)ဒေါ်ခင်ပြည့်ပြည့်၊ ထိုင်ဝမ်နေ ဦးလော်ကျင့်ဇယ်-ဒေါ်ထားထားလှိုင်၊ ဦးနိုင်ဝင်းအောင်-ဒေါ်မြတ်လှသူဇာတို့ ချစ်လှစွာသောမွေးသဖခင်၊ မြေး (၇)ယောက်၊ မြစ် (၈)ယောက်တို့၏အဘိုးသည် ၆-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၀-၄-၂၀၂၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးရဲထိုက်(ငြိမ်း)

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)**

**(ပါမောက္ခဌာနမှူး၊ စီမံခန့်ခွဲမှုပညာဌာန)**

**သမဝါယမတက္ကသိုလ်(သန်လျင်)**

**အသက်(၅၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ ရန်ရှင်းလမ်း၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၁၉)၊ အခန်း(၀၀၂)နေ ဦးတင်ရွှေ-ဒေါ်လှလှ တို့၏ သားလတ်၊ ဒေါ်မိုမိုတင်၏ မောင်၊ ဦးတင်ရဲထွန်း၏ညီ၊ ဒေါ်သီတာအေးမြစိမ့်၏ အစ်ကို၊ မနန်းရွှေစင်ရတနာထိုက်၊ မနန်းသျှင်မင်းသန့်တို့၏ ဖခင်၊ ဒေါ်နန်းဥမ္မာ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးရဲထိုက်(ငြိမ်း)သည် ၈-၄-၂၀၂၅ရက် (အင်္ဂါနေ့) ည(၁၉:၁၅)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၂-၄-၂၀၂၅ရက် (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် (၁၀)နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၂၅ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးရဲထိုက်(ငြိမ်း)

**(ပါမောက္ခဌာနမှူး၊ စီမံခန့်ခွဲမှုပညာဌာန)**

**သမဝါယမတက္ကသိုလ်(သန်လျင်)**

**အသက်(၅၄)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှ သူငယ်ချင်း ဗိုလ်မှူးရဲထိုက်(ငြိမ်း) အသက်(၅၄)နှစ်သည် (၈-၄-၂၀၂၅)ရက် (အင်္ဂါနေ့)ည (၁၉:၁၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှသူငယ်ချင်းများနှင့်မိသားစုများ**

---

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/2374 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်းအမှတ်(၁၃)၊ မြေကွက်အမှတ်(၂၂၂)၊ မြေချိန်ဧရိယာ(၀.၁၁၀)ဧကရှိ မြေအား ဦးရဲမြင့်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

---

## ဦးပြည်တော်စိုးနှင့် အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ (၂၈)သုမင်္ဂလာရပ်၊ အိမ်အမှတ်(၁၃၁)နေသူ ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်အောင်အေး (၁၂/မဂဒ(နိုင်)၀၂၂၅၆၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ် (၂၈/သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေဧရိယာ(၀.၀၈၉)ဧကရှိ မြေအား မြေငှားဂရန်အမှုတွဲအမှတ် (၀၂၄/၂၀၀၉-၂၀၁၀)အရ ဦးခင်မောင်အုန်းနှင့် ဒေါ်ခင်မာဝင်းတို့အမည်ဖြင့် မြေငှားဂရန်ရရှိထားသည့်မြေဖြစ်ပြီး ၎င်းတို့ထံမှ (၂၂-၆- ၂၀၁၁) ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၂၉၈/၂၀၁၂) အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလွင်အောင်အေးမှ တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ လက်ရှိထားပိုင်ဆိုင်သူဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဝယ်ယူထားသူ ဦးလွင်အောင်အေးမှ သက်ဆိုင်ရာရုံးဌာနများတွင် ဂရန်အမည်ပြောင်း/သက်တမ်းတိုးရရှိရန် မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးကူးရန်လျှောက်ထားရာတွင် (၆-၉-၂၀၂၃)ရက်စွဲဖြင့် ဦးပြည်တော်စိုး (၁၂/သလန(နိုင်)၀၆၅၅၇၉)မှ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ထားကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာ ရုံးဌာနမှ ဦးပြည်တော်စိုးထံ (၃)ကြိမ်တိုင်တိုင် လူကြီးမင်း၏ ကန့်ကွက်မှုအပေါ် အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ဖြေရှင်းပေးပါရန် အကြောင်းကြားစာ ထုတ်ဆင့်ခဲ့သော်လည်း လူကြီးမင်းမှ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး လူကြီးမင်း အပါအဝင်ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များနှင့် သက်ဆိုင်ရာ ရုံးဌာနများတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဦးလွင်အောင်အေးအမည်ဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် အမည်ပြောင်း/ သက်တမ်းတိုး ဆောင်ရွက်ရန်၊ မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးကူးခြင်းအား ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးလွင်အောင်အေး | ဒေါ်နော်ဆာဝါးထူး(LL.B) (D.I.L) |
| ၁၂/မဂဒ(နိုင်)၀၂၂၅၆၃ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၁၅) |
| ဖုန်း-၀၉-၉၇၇၇၆၆၆၅၆ | ပြည်သာယာလမ်းနှင့်မင်းကြီးလမ်းထောင့်၊ |
| | ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း-၀၉-၄၀၂၅၁၀၈၁၈ |

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ၊ လမ်း၊ တံတား ဒါယကာကြီး

## ဦးမောင်ဝင်း

**(သစ်လုပ်ငန်း အင်ဂျင်နီယာ-ငြိမ်း)**

**(ဘုမ္မဗေဒ)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ ရွှေဂုဏ်သူရိပ်မွန်၊ တိုက် B4၊ အခန်း ၈၀၂ နေ (ဦးဗလ-ဒေါ်ငွေပေါ်)တို့၏သား၊ (ဒေါ်စောအုန်းခင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ထင်လင်း-ဒေါ်ဂျိုအန်ဆု၊ ဒေါက်တာ ဝင်းကျော်-ဒေါ်ခင်ကေခိုင်၊ ဒေါ်ခင်မြတ်၊ ဦးဥာဏ်မျိုးထိုက်-ဒေါ်နီလာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးမောင်ဝင်းသည် ၈-၄-၂၀၂၅ ရက် (အင်္ဂါနေ့) ည ၉:၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သော အရိုးပြာများကို ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၂၅ရက်(တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူရိပ်မွန်ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုံးကျင်

**အသက်(၈၄)နှစ်**

ဒိုက်ဦးမြို့နေ (ဦးရွှေအိ-ဒေါ်ကျင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂၇)၊ အေးရိပ်မွန်(၄)လမ်း၊ (၄)ရပ်ကွက်နေ ဦးမြင့်အောင်၏ ဇနီး၊ ဒေါက်တာ သန်းသန်းဦး၊ ပါမောက္ခ(ငြိမ်း)၊ သန်လျင်တက္ကသိုလ်၊ ကိုမင်းအောင်-မနီနီအေး၊ ကိုအောင်အောင်ရှိန်၊ ဒေါက်တာသီတာအောင် (တွဲဖက်ပါမောက္ခ၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)၊ ဒေါ်ချိုချိုအောင်၊ ကိုဇော်ဝင်းအောင်-မမြမဥ္ဇူလွင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၆-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၅ရက်(စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ဇင် (ခ) ဦးကြည်သန်း

**ငါးလုပ်ငန်းဦးစီးဌာန (ငြိမ်း)**

**အသက် (၆၅)နှစ်**

(ဦးညွန့်လွင်-ဒေါ်ခင်မြိုင်)တို့၏ သားကြီး၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်(A)၊ အခန်း (305)နေ ဒေါ်ဝါဝါ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်မောင်မောင်-ဒေါ်ဝင့်မာခိုင်(ခ)မိပိုး၊ ဦးလွင်ဦး-ဒေါ်မိုးသူဇာလှိုင်(ခ)ဒုံဒုံတို့၏ မွေးသဖခင်၊ မောင်ထွဏ်းသီဟဇော်၊ မောင်သုတမင်းစစ်(ခ) Ben Ben တို့၏အဘိုး ဦးကျော်ဇင်(ခ) ဦးကြည်သန်းသည် ၉-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၅ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၅ (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး ( ၂ )၊ ကွင်း / အကွက်အမှတ် ၄၅/မြမာလာ၊ ဦးပိုင်အမှတ် (၉၂-ခ )၊ မြေဧရိယာ (၀.၀၇၃ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးပီတာသာအောင် (ခ) စံဝင်းနောင် (၉/မမန(နိုင်)၀၁၈၁၅၃)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင် /မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်၊ (၅၄)ကွက်၊ အမှတ် (၁၁၀)၊ ၁၃လမ်း၊ ၈၀လမ်းနေ ဦးမျိုးလွင် (၉/မနမ(နိုင်)၀၈၂၄၅)၊ ဒေါ်သန်းသန်းဦး (၉/မနမ(နိုင်)၀၈၂၄၆)တို့၏ သားဖြစ်သူ ကိုရှင်းသန့်အောင် (၉/အမဇ (နိုင်)၀၄၈၇၁၇)သည် မိဘစကား နားမထောင်ခြင်း၊ မိဘသိက္ခာညှိုးနွမ်းစေခြင်းတို့ကို ပြုမူခဲ့ခြင်းကြောင့် မောင်ရှင်းသန့်အောင်အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါ၍ ယနေ့မှစ၍ မောင်ရှင်းသန့်အောင်၏ အရှုပ်အရှင်းကိစ္စမှန်သမျှကို လုံးဝဖြေရှင်းမည် မဟုတ်ကြောင်း၊ ကိုရှင်းသန့်အောင်နှင့်လည်း လုံးဝမပတ်သက်၍ ရာသက်ပန်စွန့်လွှတ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးမျိုးလွင်-ဒေါ်သန်းသန်းဦး**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် RA -III/ကွက်ပြင်-၃၊ ဦးပိုင်အမှတ် (၂၅၀-ခ /၂)၊ မြေဧရိယာ (၀.၁၁၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဦးဌေးလှ (၁၂/အလန(နိုင်)၀၃၇၉၄၂)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/77885, Honda Scoopyi -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထူးသန့်ကျော်စွာ ၁၄/ကကထ(နိုင်) ၂၁၄၄၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8231, SEIN TUN L/T(STLT-01, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၅/စကန(နိုင်) ၀၃၅၆၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၀၆၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးအေးဆန်း ၁၀/ခဆန(နိုင်)၁၄၀၈၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၇၁၀၇, loujia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၉/တသန(နိုင်) ၀၀၁၀၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

---

## မူးယစ်ကိုပစ် ပန်းတိုင်သစ်

## စိတ်သစ် လူသစ် ဘဝသစ်

---

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဘိုသောင်းကြည် ၏ သား၊ ကျွန်တော် မောင်မျိုးရဝေထွန်း (၁၃/တခလ(နိုင်) ၁၂၁၉၆၆) ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၇၇၈၂၆၀

---

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/99628 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/23317, New Aibo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနီပန်း ၉/မမန(နိုင်) ၀၀၉၅၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9189 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မောင် ၇/ထတပ(နိုင်)၀၃၇၈၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/4965, AMA AUNG MYAN-ASIA L/T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ခက် ၅/ရဘန(နိုင်) ၁၅၆၂၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/53100, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရွှေ ၅/ဝတန(နိုင်)၀၆၈၄၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

❖ နိုင်ငံစီးပွား တိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများအား စက်ရုံအထိုင်ဈေးဖြင့် ရောင်းချ

နေပြည်တော် ဧပြီ ၉

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများအား ဘိလပ်မြေစက်ရုံ(မြိုင်ကလေး)နှင့် ဘိလပ်မြေစက်ရုံ (ပြည်ညောင်) တို့မှ စက်ရုံအထိုင်ဈေးဖြင့် ငလျင်ဘေးဒဏ်သင့်ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ ရောင်းချပေးမည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့များက မှာယူသည့် ဘိလပ်မြေ တန်ချိန် ၅၁၀၀ ကျော်ကို ဧပြီ ၈ ရက်မှစတင်ပြီး သက်ဆိုင်ရာဘိလပ်မြေစက်ရုံများမှ အထူးအစီအစဉ်ဖြင့် ပို့ဆောင်လျက်ရှိကြောင်းနှင့် အလားတူ ပြည်တွင်းရှိ အခြားဘိလပ်မြေစက်ရုံများမှလည်း ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။


သတင်းစဉ်

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်းအားလျော့သွားနိုင်

နေပြည်တော် ဧပြီ ၉

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၆ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး

*စာမျက်နှာ ၁၁ ကော်လံ ၃* ❖



ယနေ့ သတင်းအညွှန်း

တရုတ်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများထပ်မံရောက်ရှိ — ပြည်တွင်းသတင်း စာ ၁၃

အခွန်စည်းကြပ်မှုကြောင့် အမေရိကန် စားသုံးသူအများစုထိခိုက်နစ်နာမည်ဟု ကျွမ်းကျင်သူပြော — နိုင်ငံတကာသတင်း စာ ၁၄

## အာဆင်နယ်က ရီးရဲမက်ဒရစ်ကို ဂိုးပြတ်နိုင်ပွဲရပြီး ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် အားကောင်းလာ



အာဆင်နယ်ကွင်းလယ်ကစားသမား ဒက္ကလန်ရိုက်စ် ရီးရဲမက်ဒရစ်အသင်းဘက်သို့ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူစဉ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှ အာဆင်နယ်နှင့် ရီးရဲမက်ဒရစ်အသင်းပွဲစဉ်ကို ဧပြီ ၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် အားကောင်းလာခဲ့သည်။

ရီးရဲမက်ဒရစ် အသင်းသည် ဗနီစီးယပ်စ်၊ အမ်ဘာပေ၊ ဘဲလင်ဂမ်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❒